ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ သောကြာနေ့၊ (30-4-2004) (၄၂၁၉)

ယနေ့ထုတ်စောင်ရေ ၁၉၅၇၄၃

အရိယ သစ္စာန ဒဿနံ တော မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အယ်လ်ဂျီးရီးယားသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတအဖြစ် ပြန်လည်ရွေးချယ် တင်မြှောက်ခြင်းခံရသော မစ္စတာ အဗ္ဗဒဲလ်လာဇိ(စ်)၊ ဘူတဖလိကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာရှိ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီး ဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ လူနေမှုဘဝမြင့်မားရေး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ချမှတ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနေ ဒေသနေပြည်သူများနှင့် မြို့နယ်တာဝန်ရှိသူများ ဝီရိယစိုက်ထုတ်ပြီး တက်ညီလက်ညီ ကြိုးပမ်း

ရန်ကုန် ဧပြီ ၂၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ၈နာရီ ၁၅မိနစ်တွင် ပဲခူးတိုင်း ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပဲခူးတိုင်း ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာရှိ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီး ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ဆဒ္ဒန်ရတနာတံတားကြီး၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်သာသနာပိုင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနိဿရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❃

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲ/ညနေပိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) နားရိုင်း ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် ဧပြီ ၂၉

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ရှမ်းပြည်နယ် (တောင်ပိုင်း) နားရိုင်း၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၄ခုနှစ် ဧပြီ ၂၃ရက် နံနက်ပိုင်းတွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား (၁၀)ဝပ် လှိုင်းနှုန်း(၆)ဖြင့် ယင်းနေ့ညနေပိုင်း မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များမှ စတင်၍ အရုပ်၊ အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❋ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❋ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❋ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❋ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❋ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❋ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❋ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❋ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❋ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❋ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၃၀-၄-၂၀၀၄
(သောကြာနေ့)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဆက်သွယ်ရေးဌာနများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံ ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ကိုင်သူများသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိကြပြီး နိုင်ငံလူဦးရေ၏ အများစုမှာ ကျေးလက်ဒေသနေ ပြည်သူများ ဖြစ်ကြသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးစည်ပင်သာယာလာခြင်းသည် မြို့ပြ ဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ တစ်နည်း အားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာခြင်းပင် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေးအဆင့်မြှင့်တင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်ပေးရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် ငါးရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ကျေးလက်ဒေသနေပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည် အဓိကဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းရှိ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့သည် မိုးနည်းရေရှားရပ်ဝန်းဒေသများဖြစ်၍ ရာသီဥတုပူပြင်းခြောက်သွေ့သည်။ အဆိုပါဒေသများတွင် ရေရှားပါးသဖြင့် သောက်ရေ၊ သုံးရေအတွက် အခက်အခဲများစွာနှင့် ကြုံတွေ့ခဲ့ကြရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ ကျေးရွာပေါင်း ၈၀၀၀ကျော်တွင် ရေရရှိရေး ၁၀နှစ် စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ယခုအခါ ကျေးရွာပေါင်း ၄၀၀၀ ကျော်တွင် ရေရရှိရေးဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ယခုအချိန်သည် ပွင့်လင်းရာသီဖြစ်သည်နှင့်အညီ ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ဒေသအလိုက် ကြိုးပမ်းလျက်ရှိကြသည်။ ကျေးရွာချင်းဆက်သွယ်သည့် လမ်းများ၊ တံတားများနှင့် ကျေးရွာနှင့် မြို့ပြဆက်သွယ်သည့် လမ်းဖွင့်ပွဲသတင်းများ၊ ကျေးရွာရေရရှိရေး စက်ရေတွင်း ဖွင့်လှစ်သည့်သတင်းများကို နေ့စဉ်တွေ့မြင် သိရှိနေရသည်။

ယခုတစ်ဖန် ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု ကျေးလက်ဆက်သွယ်ရေးဌာနဖွင့်ပွဲသတင်းကို ကြားသိရပြန်သည်။ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာတွင် ကျေးလက်ဆက်သွယ်ရေးဌာန ဖွင့်ပွဲ အခမ်းအနားကို ဧပြီလ ၇ ရက်နေ့က ကျင်းပခဲ့သည်။

မြန်မာနိုင်ငံဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (အိုင်တီယူ)တို့ ပူးပေါင်းအကောင်အထည်ဖော်တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် မြို့တော်ဝန်တို့ တက်ရောက်အားပေးခဲ့ကြသည်။

ဖောင်ကြီးအရှေ့ကျေးရွာတွင် ဖွင့်လှစ်လိုက်သည့် ကျေးလက်ဆက်သွယ်ရေးဌာနအနေဖြင့် ကွန်ပျူတာသင်တန်း၊ အင်တာနက်နှင့် အီးမေးလ်သင်တန်းများ ပို့ချပေးခြင်းများအပြင် ကွန်ပျူတာ စာစီစာရိုက်လုပ်ငန်း၊ မိတ္တူကူးလုပ်ငန်း၊ ဒစ်ဂျစ်တယ်ကင်မရာဖြင့် ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းနှင့် ပြည်သူများအတွက် ဒစ်ဂျစ်တယ်ဖုန်းဖြင့် ဆက်သွယ်သည့် လုပ်ငန်း စသည့်ဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိချိန်တွင် ကျေးလက်ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် ကျေးလက်ဆက်သွယ်ရေးဌာနများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေကြောင်းရဲညွှန့်လောင်းသင်တန်းဖွင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်

ရန်ကုန် ဧပြီ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့ ပူးပေါင်းညှိနှိုင်း ဖွင့်လှစ်သော တပ်မတော်(ရေ) ရေကြောင်းရဲညွှန့်လောင်းသင်တန်း (မော်လမြိုင်စခန်း)(အခြေခံနှင့်တန်းမြင့်) သင်တန်းအမှတ်စဉ်(၁/၂၀၀၄)ဖွင့်ပွဲ ကို ဧပြီ ၂၆ရက် မွန်းလွဲ ၁နာရီတွင် မွန်ပြည်နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမဦကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ မောရဝတီရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဝင်း၊ ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ နည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယကတိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်မောရဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဝင်းတို့က အမှာစကားအသီးသီးပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တပ်မတော်(ရေ) ရေကြောင်းရဲညွှန့်လောင်းသင်တန်း(မော်လမြိုင်စခန်း) အခြေခံသင်တန်းသို့ သင်တန်းသား၅၀ဦးနှင့် တန်းမြင့်သင်တန်းသို့ သင်တန်းသား ၂၀ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ကြာမြင့်မည် ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအား ဂုဏ်ပြုသောအားဖြင့် အလှူရှင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း(ကျော်စောဟန်)က အလှူငွေများပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ(၁) ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ) လက်ခံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဧပြီ ၂၉

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဒေါက်တာသန်းမြင့်	ပါမောက္ခချုပ် ဆေးတက္ကသိုလ်(မကွေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ခ) ဦးစောကျော်မင်း	ပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဂ) ဦးစိုးတင့်	ဦးဆောင်ညွှန်ကြားရေးမှူး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပို့ဆောင်ရေးဝန်ကြီးဌာန

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က) ဗိုလ်မှူးကြီးချစ်ရှိန် အထူးအရာရှိ အလုပ်သမားဝန်ကြီးဌာန	ဥက္ကဋ္ဌ လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဝန်ကြီးဌာန
(ခ) ဗိုလ်မှူးကြီးဆန်းထွန်း အထူးအရာရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ချင်းတိုင်းရင်းသား လေ့လာရေးအဖွဲ့ဝင်များ လှိုင်သာယာစက်မှုဇုန်လေ့လာ

ရန်ကုန် ဧပြီ ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် တန်ခိုးကြီး ဘုရားများ ဖူးမြော်ရန်နှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာရန် ရန်ကုန်မြို့၌ရောက်ရှိနေသော ချင်းပြည်နယ် ရေဇွာဒေသမှ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင် ၅၀တို့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်သန်း လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင်လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ ယင်းနောက် ရတနာ ဆင်ဖြူတော်ဆောင်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။ ထိုမှတစ်ဆင့် လေ့လာရေး အဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုဇုန်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး OPAL အထည်ချုပ်စက်ရုံ၊ Max အချိုရည်စက်ရုံနှင့် FMI ပဒေသာပင် မြို့တော်တို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

လေ့လာရေး အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိရစ္ဆာန်ဉယျာဉ်သို့ သွားရောက်ကြည့်ရှု လေ့လာကြပြီး ညနေပိုင်းတွင် ယုဇနပလာဇာသို့ သွားရောက်၍ ဈေးဝယ်ကြသည်။ (သတင်းစဉ်)

အဘိဓမ္မာသင်တန်း နှစ်ချင်းပေါက်သင်ရိုးကုန် ဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဧပြီ ၂၉

ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ဗဟန်းမြို့နယ် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်ကြီးတွင် နှစ်စဉ်ဖွင့်လှစ်မြဲဖြစ်သော သင်္ဂြိုဟ်ကိုးပိုင်း အဘိဓမ္မာ သင်တန်းကို မေ၁ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဆရာဦးမောင်မောင်နှင့် ဦးတင်ဝင်းတို့က သဘောအဓိပ္ပာယ်နှင့် သရုပ်တို့ကို နှစ်ချင်းပေါက်သင်ရိုးကုန် ပို့ချမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်သည်။ (က-ပ)

တတိယအကြိမ်စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးဂုဏ်ပြုကြိုဆိုငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၂၀၀၄ခုနှစ် မေလတွင် ကျင်းပမည့် တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း(ကျော်စောဟန်)က အလှူငွေကျပ် ၃၀၀၀၀ကို ယနေ့ နံနက် ၁၁နာရီတွင် ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရုံးချုပ် ဧည့်ခန်းမ၌ လာရောက်လှူဒါန်းရာမြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ) က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ အလှူငွေပေးအပ် လှူဒါန်းပွဲ အခမ်းအနားသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ အတွင်းရေးမှူး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး (သတင်း) ဦးလှထွန်း(လှထွန်း-တွံ့တေး) တို့တက်ရောက်ကြသည်။ (သတင်းစဉ်)

တိုက်ခိုက်ရေးတာဝန်များ ထမ်းဆောင်ရေး အီရတ်သို့ ပြန်မသွားရန် တာဝန်ထမ်းဆောင်ရင်းသေဆုံးခဲ့သည့် ကန်တပ်ဖွဲ့ဝင်အမျိုးသမီး၏ညီမများ ဆုံးဖြတ်

မက်ဒီဆင်(ဝစ္စကွန်ဆင်) ဧပြီ ၂၈

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်ရင်း သေဆုံးသွားသည့် ဝစ္စကွန်ဆင်ပြည်နယ်မှ စစ်ရဲအမျိုးသမီးတစ်ဦး၏ တပ်ဖွဲ့ဝင်ညီမများက ၎င်းတို့၏ ဝစ္စကွန်ဆင်အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များနှင့်အတူ တိုက်ခိုက်ရေးတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် အီရတ်နိုင်ငံသို့ပြန်လည်မသွားရောက်တော့ရန် ဆုံးဖြတ်ကြောင်း အင်္ဂါနေ့ကပြောကြားလိုက်သည်။

တွေဝေ

မိမိတို့၏အကျပ်ရိုက်မှုက အီရတ်နိုင်ငံတွင် မိမိတို့တပ်ဖွဲ့ဝင်များအား ပစ်မှတ်အဖြစ်ရောက်ရှိနိုင်ပြီး ရဲဘော်ရဲဘက်များကိုပါအန္တရာယ်သက်ရောက်စေနိုင်သည့် အလားအလာရှိသောကြောင့် မိမိတို့ ယိမ်းယိုင်တွေဝေစေခဲ့ကြကြောင်း ရေရှယ်နှင့်ချာရတီဝစ်မာ ညီမနှစ်ဦးတို့က ပြောကြားကြသည်။ ၎င်းတို့သည် ၎င်းတို့၏သေဆုံးသွားသော ညီမ ဈာပနအခမ်းအနားအတွက် ဝစ္စကွန်ဆင်ပြည်နယ်သို့ပြန်လာခဲ့ကြသည်။

ဖတ်ကြား

လွန်ခဲ့သည့်ရက်သတ္တနှစ်ပတ်အတွင်း မိမိတို့၏ညီမ မစ်ရှဲသေဆုံးမှုအတွက် မိမိတို့ပူဆွေးတမ်းတခဲ့ကြကြောင်း ၎င်းတို့၏ပြောကြားချက်ကို ကြေညာချက်ထုတ်ပြန်ပြီး ဝစ္စကွန်ဆင်အမျိုးသားအစောင့် တပ်ဌာနချုပ်တွင် ၎င်းတို့မိသားစု၏ ပြောရေးဆိုခွင့်ရှိသူက ဖတ်ကြားသွားသည်။

မိမိတို့အနေဖြင့်သိမ်မွေ့ပြီး ရှုပ်ထွေးပွေလီသည့် ဆုံးဖြတ်ချက်မျိုးနှင့် ကြုံတွေ့နေရကြောင်း၊ မိမိတို့ဆုံးဖြတ်ခဲ့သမျှ အခက်ခဲဆုံးသော ဆုံးဖြတ်ချက်ဖြစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

ထမ်းဆောင်

အသက်၂၄နှစ်ရှိ ရေရှယ်ဝစ်မာသည် အမှတ်(၃၂)စစ်ရဲတပ်ခွဲတွင် ဆေးဘက်ဆိုင်ရာ အထူးကျွမ်းကျင်သူဖြစ်ပြီး အသက်၂၀ရှိ ချာရတီဝစ်မာသည်လည်း အမှတ်(၁၁၈)ဆေးဘက်ဆိုင်ရာတပ်ရင်းတွင် တာဝန်ထမ်းဆောင်သူဖြစ်ကာ ၎င်းတို့အမြွှာညီအစ်မနှစ်ဦးက သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ကြသည်။

သေဆုံးသွားသည့် မစ်ရှယ်သည်လည်း ရေရှယ်၏ ဆေးတပ်ဖွဲ့မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူဖြစ်ပြီး ၎င်းစီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တန်း ဘဂ္ဂဒက်မြို့အနီးတွင် ဧပြီလ၉ရက်က ချောင်းမြောင်းပစ်ခတ်ခံရပြီးသေဆုံးခဲ့ခြင်းဖြစ်သည်။

ရလဒ်

၎င်းတို့၏ ဆေးတပ်ဖွဲ့ဆိုင်ရာ လုပ်ငန်းတာဝန်ကိုမကြာမီကရက်ပေါင်း ၁၂၀ အထိ အီရတ်တွင် နေထိုင်ရန် တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။ ယင်းမှာ အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံ၏ ပဋိပက္ခသည် စစ်ရေးအရ ကျယ်ပြန့်စွာဖြစ်ပေါ်လာသည့် ရလဒ်ကြောင့်ဖြစ်သည်။

မသွားသင့်

မိမိ၏သမီးများအနေဖြင့် အီရတ်နိုင်ငံသို့ ပြန်လည်မသွားသင့်တော့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိ၏မိသားစုက ဖွန့်လွှတ်အနစ်နာခံခဲ့ကြပြီးဖြစ်ကြောင်း သေဆုံးသူ မစ်ရှဲ၏ဖခင်ဖြစ်သူ ဂျွန်ဝစ်မာက ပြောကြားသည်။

အန္တရာယ်ရှိ

အီရတ်တွင် မိမိတို့၏ ရဲဘော်ရဲဘက်များအန္တရာယ်သက်ရောက်မှု တိုးမြှင့်ဖြစ်ပေါ်နိုင်သောကြောင့် မိမိတို့ မသွားရောက်နိုင်ကြောင်း ဖော်ပြပါကြေညာချက်တွင် ပါရှိသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

ဧပြီ ၂၈ ရက်က အီရတ်နိုင်ငံမှ စပိန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် စပိန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကန်မရိန်းတပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင်များ တိုက်ခိုက် ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိ

ဖော်လူဂျာ ဧပြီ ၂၈

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ဝန်းရံပိတ်ဆို့ထားသည့် ဖော်လူဂျာမြို့တွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်တိုက်ခိုက်သူများအကြား တိုက်ပွဲများ ယမန်နေ့က ထပ်မံဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိသည်။

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များသည် ဖော်လူဂျာမြို့တွင်းသို့ ကိုက်နှစ်ရာအတွင်း ယမန်နေ့နံနက် စောစောပိုင်းက စီးနင်းဝင်ရောက်ခဲ့ပြီးနောက် အဆောက်အအုံနှစ်ခုကို သိမ်းပိုက်ကာ မြို့တွင်းသို့ ပိုမိုထိုးဖောက် ဝင်ရောက်နိုင်ရန် နေရာယူကြိုးပမ်းခဲ့သော်လည်း ယင်းအဆောက်အအုံများ ဝန်းကျင်သို့ လက်နက်ကိုင်များ ရောက်ရှိလာခဲ့ပြီး တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွား

တိုက်ပွဲအတွင်း ဒုံးကျည်များ၊ စိန်ပြောင်းများ၊ လက်နက်ငယ်များကို အသုံးပြု တိုက်ခိုက်ခဲ့ရာ ယင်းအဆောက်အအုံများ ပတ်ဝန်းကျင်မှာပင် ကျရောက်ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ တစ်နာရီခွဲအကြာတိုက်ပွဲဖြစ်ပွားခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်များက နောက်ထပ် စစ်ဘက်တင့်ကားနှစ်စီးနှင့်အတူ ကော်ဘရာတိုက်ရဟတ်ယာဉ်များကိုပါ စစ်ကူခေါ်ယူခဲ့ရကြောင်းနှင့် တိုက်ပွဲဆက်လက်ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

သို့ရာတွင် အမေရိကန် တပ်ဖွဲ့ဝင်များမှာ ပြန်လည်ဆုတ်ခွာခဲ့ကြရပြီး မရိန်းတပ်ဖွဲ့ဝင်လေးဦးမှာ ဒဏ်ရာပြင်းထန်ခဲ့ကြောင်းနှင့် အခြားမရိန်းတပ်ဖွဲ့ဝင် ခြောက်ဦးလည်း ဒဏ်ရာရရှိသည်။

စီအင်န်အင်န်။

စပိန်တပ်ဖွဲ့များ နာဂျက်ဖ်မြို့ကို စွန့်ခွာ

မဒရစ် ဧပြီ ၂၈

စပိန်တပ်ဖွဲ့ဝင်များသည် နာဂျက်ဖ်မြို့မှ ထွက်ခွာခဲ့ကြပြီဖြစ်သည်။ ထိုနာဂျက်ဖ်မြို့တွင် ရှီးယိုက် ခေါင်းဆောင် မိုတာဒါဆာဒါးသည် ယင်း၏တပ်ဖွဲ့များနှင့်အတူ စခန်းချထားပြီး အမေရိကန်များကို ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည်ဟု စပိန်အစိုးရရေဒီယိုက ထုတ်လွှင့်ခဲ့သည်။

မြို့တွင်းမှ ရုပ်သိမ်းမှုကို အစီအစဉ်အတိုင်း ယနေ့ပင်စတင်ပြီး ဆောင်ရွက်လျက်ရှိရာ တစ်စုံတစ်ရာ ပြဿနာမရှိကြောင်း ဗိုလ်ချုပ်ကြီးဂျိုဆေးမန်ျူရယ်မူနောဇ်က ပြောကြားသည်။ စပိန်ဝန်ကြီးချုပ် ဇာပါတီရိုသည် ယခုလစောစောပိုင်းတွင် အီရတ်ရောက် စပိန်တပ်ဖွဲ့ဝင် အင်အား ၁၄၀၀ တို့ကို ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်မှ ထိုင်းတပ်ဖွဲ့ကို ပြန်ခေါ်ရန် လူထုစစ်တမ်းတွင်ဖော်ပြ ဟွန်ဒူးရပ်စ်နှင့် ဒိုမီနီကန်တပ်ဖွဲ့များကိုလည်း ရုပ်သိမ်းမည်

ဗန်ကောက် ဧပြီ ၂၈

ယခုလတွင် အီရတ်နိုင်ငံ၌ အမေရိကန်နှင့် အပေါင်းပါတပ်များကို တိုက်ခိုက်မှုများနှင့် ပြန်ပေးအဖြစ်ဖမ်းဆီးမှုများ လှိုင်းတံပိုးသဖွယ် တိုး၍ ဖြစ်ပေါ်လာသည်။ ထိုအတောအတွင်း ထိုင်းနိုင်ငံပြည်သူများက အီရတ်ရှိ ထိုင်းအင်ဂျင်နီယာနှင့် ဆေးတပ်ဖွဲ့ဝင် ၄၅၁ ဦးတို့အပေါ် မည်သို့သဘောထားသည်ကို သိရှိရန် လေ့လာမှုပြုလုပ်ခဲ့သည်။ ၎င်းလေ့လာချက်အရ ထိုင်းပြည်သူအများစုက အီရတ်ရောက် တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းရန် လိုလားကြကြောင်း တွေ့ရှိခဲ့ရသည်။

မကြာသေးမီအချိန်က ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်က အကယ်၍ အီရတ်ရှိ ထိုင်းတပ်ဖွဲ့ဝင်များ အတိုက်ခိုက်ခံရလျှင် ထိုတပ်ဖွဲ့များကို ပြန်လည်ခေါ်ယူမည့်အကြောင်း ပြောကြားခဲ့သည်။ ထိုပြောကြားချက် ထွက်ပေါ်ခဲ့ပြီးနောက်ပိုင်းတွင် ဗန်ကောက်ရှိ အဆမ်းရှင်းတက္ကသိုလ်က ထိုကိစ္စနှင့်စပ်လျဉ်း၍ လူထုသဘောထားကို သိရှိနိုင်ရန် ကျယ်ပြန့်သော နိုင်ငံလုံးဆိုင်ရာသဘောထား လေ့လာမှုကို ပြုလုပ်ခဲ့သည်။ ၎င်းလေ့လာမှုအရ ၅၇ ဒသမ ၂ ရာခိုင်နှုန်းသော ထိုင်းပြည်သူများက တပ်ဖွဲ့များကို ပြန်လည်ခေါ်ယူသည်ကို လိုလားကြောင်း ဆန္ဒဖော်ပြခဲ့ကြသည်။ ထိုင်းပြည်သူ ၂၂ ဒသမ ၃ ရာခိုင်နှုန်းကသာ တပ်ဖွဲ့ဝင်များကို ဆက်လက်ချထားသင့်ကြောင်း ဖော်ပြကြသည်ဟု ဆိုသည်။

ထိုင်းတပ်များကို အီရတ်သို့စေလွှတ်စဉ်က လူထု၏သဘောထားကို သိရှိနိုင်ရန် လေ့လာမှုတစ်ရပ်ပြုလုပ်ခဲ့သေးသည်။ ထိုစဉ်က ၃၆ ဒသမ ၇ ရာခိုင်နှုန်းက လူသားချင်းစာနာသောလုပ်ငန်းများ ဆောင်ရွက်ရန် တပ်ဖွဲ့ဝင်များ ပေးပို့သည်ကို သဘောတူကြောင်း ဖော်ပြခဲ့ပြီး အခြား ၃၈ ဒသမ ၂ ရာခိုင်နှုန်းတို့က သဘောမတူကြောင်း ဖော်ပြခဲ့ကြသည်။ ထိုလေ့လာမှုတွင် လူ ၂၅၇၁ ဦးတို့၏ သဘောဆန္ဒကို ရယူခဲ့ခြင်းဖြစ်သည်။

ထိုင်းအစိုးရသည် အီရတ်တွင် ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို စောင့်ကြည့်လေ့လာလျက်ရှိသည်။ ယခုအချိန်အထိ အဆင်ချောနေသည်ကို တွေ့ရှိရပြီး တစ်စုံတစ်ရာ အပြောင်းအလဲပြုလုပ်ရန် အကြောင်းမရှိကြောင်း ချောင်ဗာလစ်ယောင်ချိုင်ယွဒ်က ပြောကြားသည်။ ၎င်းသည် ထိုင်းနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်တာဝန်နှင့် ထိုင်းလုံခြုံရေးဝန်ကြီးဌာန၏ အကြီးအကဲအဖြစ် တာဝန်နှစ်ရပ်ကို ရယူထားသောပုဂ္ဂိုလ်ဖြစ်သည်။

ပြီးခဲ့သောနှစ် ဒီဇင်ဘာလအတွင်းက လမ်းဘေးထောင်ဗုံးထိမှန်သဖြင့် ထိုင်းစစ်သည်နှစ်ဦး သေဆုံးခဲ့ရသည်။ ထိုဖြစ်ရပ်ကြောင့် အစိုးရက ထိုင်းစစ်သည်များအပေါ်ကျရောက်နိုင်သောအန္တရာယ်နှင့် ပတ်သက်၍ ရှင်းလင်းဖော်ပြခြင်းမရှိသည့်အတွက် ဝေဖန်မှုများ ပေါ်ပေါက်ခဲ့ရသည်။ လာမည့် ဇွန် ၃၀ ရက်နောက်ပိုင်း၌ အမေရိကန်တို့က အီရတ်များလက်သို့ အုပ်ချုပ်ရေးအာဏာ လွှဲပေးအပြီးတွင် ဟွန်ဒူးရပ်စ်နိုင်ငံနှင့် ဒိုမီနီကန်နိုင်ငံများသည်လည်း ၎င်းတို့တပ်များကို ပြန်လည် ရုပ်သိမ်းကြမည်ဟု သိရှိရသည်။

အမ်အင်အေ၊ ရိုက်တာ။

ဧပြီ၂၆ ရက်က ဘာဆာရာမြို့တွင် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ရေနံတင် ကားများကို ဗြိတိသျှ တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အရေးပေါ်ရန်ပုံငွေများ ကွန်ဂရက်အားအသိမပေးဘဲ သုံးစွဲမှု ဘုရှ်အစိုးရဖြေရှင်းရန် ဒီမိုကရက်အမတ်နှစ်ဦး တောင်းဆို

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

ဝါရှင်တန် ဧပြီ ၂၈

အမေရိကန်အောက်လွှတ်တော် ဘတ်ဂျက်ခွဲဝေသုံးစွဲရေးကော်မတီနှင့် အထက်လွှတ်တော် ဘတ်ဂျက်ခွဲဝေသုံးစွဲရေးကော်မတီတို့မှ ဒီမိုကရက်တစ်အမတ်နှစ်ဦးက ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်နောက်ပိုင်း အရေးပေါ်သုံးစွဲရန် လျာထားသည့် ရန်ပုံငွေကို သမ္မတဘုရှ်အစိုးရအနေဖြင့် မည်သို့သုံးစွဲသည်ကို အပြည့်အဝ ရှင်းလင်းပါရန် တနင်္လာနေ့က တောင်းဆိုလိုက်သည်။

အရေးပေါ်ရန်ပုံငွေမှအချို့ကို အီရတ်စစ်ပွဲပြင်ဆင်ရေးတွင် သုံးစွဲကြောင်း စာအုပ်တစ်အုပ်က စွပ်စွဲရေးသားပြီးနောက် အထက်ပါအတိုင်း အမတ်နှစ်ဦးက တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ကြေညာ

အရေးပေါ်ရန်ပုံငွေနှင့် စပ်လျဉ်း၍ အမှားအယွင်းရှိသည်ဆိုခြင်းမှာ မဟုတ်မှန်ကြောင်း အမေရိကန်အစိုးရက လွှန်ခဲ့သည့် ရက်သတ္တပတ်က ငြင်းပယ်ပြီး အီရတ်တွင် အင်အား သုံးခွင့်ပြုသည့် ၂၀၀၂ ခုနှစ် အောက်တိုဘာ ၁၁ ရက် ဆုံးဖြတ်ချက်ကို ကွန်ဂရက်က အတည်ပြုမပြီးမချင်း စစ်ပြင်ဆင်ရေးအတွက် ရန်ပုံငွေသုံးစွဲခြင်းမရှိဟု အစိုးရက ကြေညာသည်။

အတည်ပြု

အီရတ်ဆိုင်ရာ ဆုံးဖြတ်ချက်ကို ကွန်ဂရက်က အတည်မပြုမီလများကပင် ကူဝိတ်၊ ကာတာနှင့် အခြားသော ပင်လယ်ကွေ့နိုင်ငံများမှ အကြမ်းဖက်မှု တိုက်ဖျက်ရေး အရေးပေါ်ရန်ပုံငွေမှ အမေရိကန် ဒေါ်လာ ၁၇၈ သန်း သုံးစွဲကြောင်း အမေရိကန်စစ်ဌာနချုပ်က အတည်ပြုထားကြောင်းဖြင့် ဒီမိုကရက်တစ်အမတ်နှစ်ဦးတို့က ပြောဆိုသည်။

ပြောဆို

အမေရိကန်ဒေါ်လာ ဘီလျံ ၄၀ သုံးစွဲရာတွင် သမ္မတအိမ်ဖြူအနေဖြင့် ကွန်ဂရက်ကို လိုအပ်သလို ညှိနှိုင်းမှု၊ အစီရင်ခံမှုများ မပြုလုပ်ဘဲ ပျက်ကွက်သည့် သာဓကများရှိသည်ဟုလည်း ဒီမိုကရက်တစ် အမတ်နှစ်ဦးက ပြောဆိုသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဧပြီ ၂၈ ရက်က ဘဂ္ဂဒက်မြို့လယ်တွင်အီရတ်အမျိုးသမီးကြီး တစ်ဦးနှင့် ၎င်း၏ သားငယ်တို့အား အမေရိကန်တပ်ဖွဲ့ဝင်များက ထိန်းသိမ်းထားစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

နယူးဇီလန်နိုင်ငံသားတစ်ဦး အီရတ်၌ အဖမ်းခံရ

ဝယ်လင်တန် ဧပြီ ၂၈

နယူးပလိုင်းမောက်ဒေသမှ အမျိုးသားတစ်ဦးသည် အီရတ်နိုင်ငံတွင် အဖမ်းခံထားရသည်ဟု နယူးဇီလန်နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနက အတည်ပြုပြောကြားကြောင်းဖြင့် နယူးဇီလန်သတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြလိုက်သည်။

အင်ဒရီရှာဖာအား အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ ယာယီအာဏာပိုင်အဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားကြောင်း ရေးသားထားသည့် စာတစ်စောင် လက်ခံရရှိပြီးသည့်နောက် ၎င်း၏ မိသားစုက အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်တစ်လခန့်က ဖမ်းဆီးထားမှုနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် စိုးရိမ်မှုဖြစ်ခဲ့ကြသည်။

နယူးဇီလန်နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာန (အမ်အက်ဖ်အေတီ)က သံတမန်လမ်းကြောင်းအရ စစ်ဆေးကြည့်ရာတွင် အမေရိကန် အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းထားကြောင်း မဟုတ်မှန်းသိရပြီးနောက် ရှာဖာ၏ လုံခြုံရေးအတွက် စိုးရိမ်မကင်းဖြစ်မှုသက်သာခဲ့သည်။

ရှာဖာအား အီရတ်နိုင်ငံတွင် ထိန်းသိမ်းထားကြောင်း အတည်ပြုထားသည့် သတင်းကို အမ်အက်ဖ်အေတီက ယခုရက်သတ္တပတ်တွင်ရရှိကြောင်း ၎င်းဌာနမှပြောရေး ဆိုခွင့်ရှိသူ ဂျွန်နက်သန်ရှဝက်စ်က အင်္ဂါနေ့က ပြောကြားသည်။

ရှာဖာအား ပြောက်ကျားအုပ်စုက ဖမ်းဆီးထားမှုမဟုတ်မှန်ကြောင်းမှလွဲ၍ အခြားမည်သူမည်ဝါက ထိန်းသိမ်းထားသည်ကိုမူ ၎င်းကပြောကြားခြင်းမရှိပေ။

ရှာဖာသည် အသက်ရှင်လျက်ရှိနေပြီး ကျန်းမာစွာရှိကြောင်း၊ သို့ရာတွင် ၎င်းအားအဘယ်ကြောင့် ဖမ်းဆီးပြီး မည်သည့်နေရာတွင် ထိန်းသိမ်းထားသနည်း ဆိုသည့် သတင်းများ နောက်ထပ်ရရှိရန် အမ်အက်ဖ်အေတီက ကြိုးပမ်းနေသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်တို့ထံ အမေရိကန်က အချုပ်အခြာအာဏာ အပြည့်အဝလွှဲအပ်သင့်ကြောင်းပြင်သစ်အစိုးရပြောကြား

ပါရီ ဧပြီ ၂၈

အမေရိကန်တို့က အီရတ်နိုင်ငံ၏ ကြားဖြတ်အစိုးရလက်သို့ အုပ်ချုပ်မှုအာဏာများ လွှဲအပ်ပေးမည်ဆိုသော်လည်း အီရတ်တို့သည် အာဏာအပြည့်အဝရရှိမည် မဟုတ်ဘဲ တစ်စိတ်တစ်ပိုင်းကို စွန့်လွှတ်ရဖွယ်ရာရှိကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ပြောကြားခဲ့ကြောင်း၊ အမေရိကန်များအနေဖြင့် အချုပ်အခြာအာဏာ လွှဲပြောင်းလျှင် မခြွင်းမချန်ဘဲ အီရတ်များလက်သို့ အပြည့်အဝ လွှဲပေးသည်ကိုသာ တွေ့မြင်လိုကြောင်း ပြင်သစ်အစိုးရက အင်္ဂါနေ့တွင် ထုတ်ဖော်ပြောကြားသည်။

တွေ့မြင်လို

အမေရိကန်တို့က အချုပ်အခြာအာဏာ လွှဲပြောင်းပေးရာတွင် အာဏာတစ်စိတ်တစ်ဒေသကို ခြွင်းချန်ထားရဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပါဝဲလ်က တနင်္လာနေ့က ပြောကြားသည်။ ထိုပြောကြားချက်မတိုင်မီကလည်း ကုလသမဂ္ဂ အထူးသံတမန်က အီရတ်များလက်သို့ ဇွန်(၃၀)ရက်တွင် နောက်ဆုံးရက်အဖြစ် သတ်မှတ်ထားသော အချုပ်အခြာအာဏာ လွှဲအပ်ရေးကိစ္စမှာ ဖြစ်နိုင်ဖွယ်ရာမရှိကြောင်း စကားဆိုခဲ့သည်။ အထက်ပါ စကားများကို ကြားသိရပြီးနောက်ပိုင်းတွင် ပြင်သစ်တို့က အချုပ်အခြာအာဏာ လွှဲအပ်ရေးကိစ္စတွင် ခြွင်းချန်ခြင်းမရှိဘဲ အပြည့်အဝ လွှဲအပ်သည်ကိုသာ တွေ့မြင်လိုကြောင်း ယင်းတို့၏ သဘောထားကို ထပ်မံတင်ပြခဲ့သည်။

ထောက်ခံပြောကြား

မိမိတို့ ပြင်သစ်အနေဖြင့် အချုပ်အခြာအာဏာကို အီရတ်ကြားဖြတ် အစိုးရလက်သို့ ပြည့်ပြည့်ဝဝ လွှဲအပ်ရေးကိုသာ အစဉ်သဖြင့် ထောက်ခံပြောကြားခဲ့သည့်နည်းတူ ယခုလည်း ထပ်မံဖော်ပြလိုသည်။ အီရတ်လူမျိုးများသည်သာ ၎င်းတို့၏ ကံကြမ္မာကို ၎င်းတို့ကိုယ်တိုင် ဖန်တီးနိုင်ခွင့် ရှိသူများဖြစ်သည်ကို သိရှိခံစားစေလိုကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟာဗီးလဒ်ဆော့စ်က ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်လက်နက်ကိုင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဖော်လူဂျာမြို့တွင် တိုက်ပွဲပြင်းထန်စွာဖြစ်ပွား

ဖော်လူဂျာ ဧပြီ ၂၈

ကာလကြာမြင့်စွာ ပဋိပက္ခဖြစ်ပွားနေသည့် အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်မရိန်းနှင့် အီရတ်တပ်ဖွဲ့ဝင်များ ပူးတွဲကင်းလှည့်ရန် စီစဉ်ထားမှုကို ရွှေ့ဆိုင်းခဲ့ရရုံသာမက အီရတ်လက်နက်ကိုင်များနှင့် အမေရိကန်တပ်ဖွဲ့များအကြား ပြင်းထန်သည့် တိုက်ပွဲများပင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖော်လူဂျာမြို့တွင် အီရတ်လက်နက်ကိုင်များ တပ်စွဲရာနေရာများကို အမေရိကန်တို့က တိုက်လေယာဉ် အကူအညီဖြင့်ပင် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အီရတ်လက်နက်ကိုင်များအား လက်နက်ချစေရေးအတွက် အကျိုးသက်ရောက်မှုရှိ၊မရှိ မပြောနိုင်ဘဲရှိသည်။

အလားတူ နာဂျက်ဖ်မြို့တွင်လည်း အမေရိကန်ဆန့်ကျင်ရာ၌ ပြင်းထန်သည့် အယ်ဆာဒါးနှင့် ၎င်း၏ မီဒီလက်နက်ကိုင် တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ၎င်းတိုက်ခိုက်မှုများအတွင်း သေဆုံးသူများ၏ ဈာပနအခမ်းအနားများတွင်လည်း ဆာဒါးကို ထောက်ခံကြောင်း ကြွေးကြော်ခဲ့ကြသည်။

အမေရိကန်တို့က လက်နက်များဖြင့် တိုက်ခိုက်မှုကြောင့် ၆၄ဦး သေဆုံးခဲ့သော်လည်း အယ်ဆာဒါးက ယခုအချိန်အထိ မြို့ကို ထိန်းချုပ်ထားဆဲဖြစ်သည်။

နာဂျက်ဖ်မြို့ကို အမေရိကန်တပ်ဖွဲ့ဝင် ၂၅၀၀က ဝန်းရံထားသော်လည်း ရှီးယိုက်တို့၏ ဘာသာရေးအရ အထွတ်အမြတ်ထားရာ မြို့ဖြစ်သည့်အတွက် မြို့တွင်းသို့ ဝင်ရောက်ရန် တွန့်ဆုတ်နေသည်။ ***(စီအင်န်အင်န်)***

ဧပြီ ၂၈ရက်က အီရတ်နိုင်ငံတောင်ပိုင်းတွင် အီရတ်လက်နက်ကိုင်များအား ရှာဖွေနေသည့် ယူကရိန်းတပ်ဖွဲ့ဝင်များ နေရာယူနေစဉ်။ အီရတ်တောင်ပိုင်း၌ ချုံခိုတိုက်ခိုက်ခံရမှုကြောင့် ယူကရိန်းတပ်ဖွဲ့ဝင် တစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ *(ဓာတ်ပုံ–အင်တာနက်)*

ကနေဒါ၏ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရလျှင် အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ဟုပြောကြား

တိုရွန်တို ဧပြီ ၂၈

မိမိသည် ကနေဒါနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် အရွေးချယ်ခံရပါက အီရတ်နိုင်ငံသို့ မိမိတို့နိုင်ငံမှ တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်း မပြုကြောင်း ကနေဒါနိုင်ငံအတိုက်အခံခေါင်းဆောင် စတီဖင်ဟာပါက တနင်္ဂနွေနေ့က ပြောကြားသည်။

ကမ္ဘာတစ်ဝန်းတွင် မိမိတို့ပြည်သူများ တာဝန်ယူထားရသည့် အတိုင်းအတာပမာဏနှင့် စစ်ဘက်ဆိုင်ရာ စွမ်းအင်အကန့်အသတ်သာ မိမိတို့ ရရှိခဲ့ပါက အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရေးသည် ဖြစ်နိုင်ဖွယ်မရှိဟု မိမိထင်မြင်ကြောင်းဖြင့် ကွန်ဆာဗေးတစ်ပါတီမှ ခေါင်းဆောင်ဖြစ်သူ ဟာပါက စီတီဗွီ ရုပ်မြင်သံကြား အစီအစဉ်အား ပြောကြားသည်။ ဆိတ်ဆိတ်နေသည့် ကနေဒါနိုင်ငံသားလူများစုက အီရတ်စစ်ပွဲအား ထောက်ခံခဲ့ကြကြောင်း ဟာပါက ဖောက်စ် ရုပ်မြင်သံကြားသတင်း အစီအစဉ်တွင် လွန်ခဲ့သည့်နှစ်ဧပြီလက ပြောကြားခဲ့သည်။သို့ရာတွင် လွန်ခဲ့သည့် လအနည်းငယ်အတွင်း လူထု၏ သဘောထားသည် ပြောင်းလဲသွားကာ အီရတ်စစ်ပွဲကို ဆန့်ကျင်ကြသည်ဟု ၎င်းကဝန်ခံပြောကြားသည်။ လူထုသဘောထားသည် သိသိသာသာကြီး ပြောင်းသွားပြီဖြစ်ကြောင်း၊ သို့ရာတွင် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ အကျိုးစီးပွားအားလုံး အီရတ်နိုင်ငံတွင် အောင်မြင်နိုင်ပြီး ကျဆုံးမှုမရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်က အီရတ်တို့ထံ အာဏာလွှဲပြောင်းပေးရေးကိစ္စ သဲသဲကွဲကွဲမရှိဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ပြောကြား

မော်စကို မေ ၂၈

အီရတ်များလက်သို့ အမေရိကန်များက အချုပ်အခြာအာဏာလွှဲအပ်ရေး ကိစ္စသည် မည်သို့သောပုံစံမျိုးဖြစ်သည်ကို သဲသဲကွဲကွဲမသိရှိရဘဲ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေရသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရောဗ်က အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

အမေရိကန်တို့က အီရတ်များလက်သို့ အချုပ်အခြာအာဏာလွှဲပြောင်းပေးရာ၌ အာဏာအပြည့်အဝကို လွှဲအပ်ပေးရန် မရှိကြောင်း ထုတ်ဖော်ကြေညာခဲ့ပြီးဖြစ်သည်။ ထိုသို့ အပြည့်အဝအာဏာ လွှဲအပ်မပေးလျှင် မည်သို့ဖြစ်လာနိုင်သနည်း။ အပြည့်အဝလွှဲအပ်ခြင်း မပြုသည့် သဘောသည် သိမ်းပိုက်ထားခြင်းသဘောပင် မဟုတ်ပါလော။ သိမ်းပိုက်ထားသည့် သဘောဖြစ်လျှင် မည်သို့သော အချုပ်အခြာအာဏာမျိုးကို အီရတ်များလက်သို့ လွှဲပေးမည်နည်း စသည်ဖြင့် မေးခွန်းများမေးစရာရှိလာကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားကြောင်း သတင်းဌာနက ဖော်ပြခဲ့သည်။

ရှင်းရှင်းလင်းလင်းရှိရန်လိုအပ်

အီရတ်အစိုးရသစ်ကို ဖွဲ့စည်းရာတွင် အများကြားထင်သာမြင်သာအောင် ရှင်းရှင်းလင်းလင်းရှိရန် လိုသည့်အပြင် အီရတ်တွင်ရှိနေသော နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်သူများကိုပါ ကိုယ်စားပြုနိုင်သူများလည်းပါဝင်စေသင့်ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးကဆိုသည်။

အကယ်၍သာ အီရတ်အစိုးရသစ်ကို ဖွဲ့စည်းမည်ဆိုလျှင် နိုင်ငံရေးသဘော ပိုမိုသက်ဝင်ပြီး အီရတ်အရေးနှင့် သက်ဆိုင်သူများအားလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်မှုမျိုးဖြစ်သင့်သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။

ဖြည့်စွက်ပြောကြား

အီရတ်အစိုးရကို ဖွဲ့စည်းကြရာတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အီရတ်၏ အိမ်နီးနားချင်း နိုင်ငံများလည်း ပါဝင်လုပ်ဆောင်စေသင့်ကြောင်းကိုပါ လက်ဗရောဗ်က ဖြည့်စွက်ပြောကြားခဲ့သည်။

ထုတ်ဖော်ပြောကြား

အီရတ်များလက်သို့ ဇူလိုင်လ ၁ ရက်တွင် အမေရိကန်များက အချုပ်အခြာအာဏာလွှဲအပ်ပေးလျှင် အပြည့်အဝလွှဲပေးနိုင်မည်မဟုတ်ဘဲ အချို့ကို ခြွင်းချန်ထားစရာရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်ကပြောကြားခဲ့သည်။ ထိုစကားသံများ တနင်္လာနေ့တွင် ထွက်ပေါ်လာအပြီး၌ ရုရှားနိုင်ငံခြားရေးဝန်ကြီးက ရုရှားတို့၏ သဘောထားကို ထုတ်ဖော်ပြောကြားလိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မေ ၂၄ ရက်က အီရတ်လက်နက်ကိုင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်တို့ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် ဘတ်စ်ကားတစ်စီးကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကန်ကမ်းခြေစောင့်တပ်ဖွဲ့ တိုးချဲ့ဖွဲ့စည်းရန် စီစဉ်နေ စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုနောက်ပိုင်း လုံခြုံရေးစိုးရိမ်မှုတိုးပွား

ဝါရှင်တန် မေ ၂၇

အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့ကိုပြန်လည်တိုးချဲ့ဖွဲ့စည်းလျက်ရှိသည်။ သို့ရာတွင် ကမ်းခြေအရှည်မိုင် ၉၅၀၀၀ ရှိသော အမေရိကန်ကမ်းရိုးတန်းကို ကာကွယ်ရန် လိုအပ်သည့် သင်္ဘောစင်းရေထက်ဝက်နှင့် လေယာဉ်စင်းရေသုံးပုံတစ်ပုံကိုသာ ထိုတပ်ဖွဲ့ကရရှိထားကြောင်း လေ့လာမှုတစ်ခုကဆိုသည်။

နှစ်ဆမြှင့်တင်

အမေရိကန်ပြည်ထောင်စုတွင် ၂၀၀၁ ခုနှစ်စက်တင်ဘာလ ၁၁ ရက်နေ့က အကြမ်းဖက် အတိုက်ခိုက်ခံခဲ့ရသည်။ ထိုနောက်ပိုင်း ၂၀၀၂ခုနှစ်တွင် စိန်ခေါ်လာမည့်အန္တရာယ်များကို ကာကွယ်ရန် ကမ်းခြေစောင့်တပ်ဖွဲ့အတွက် ခေတ်မီရေးအစီအစဉ်တစ်ရပ်ကို ချမှတ်လုပ်ဆောင်ခဲ့သည်။ ၎င်းအစီအစဉ်သည် အနှစ် ၂၀ အစီအစဉ်ဖြစ်သည်။ အစီအစဉ်အရ ဆောင်ရွက်မည်ဆိုပါက ကမ်းခြေစောင့်တပ်အတွက် အသုံးစရိတ်ကို နှစ်ဆမြှင့်တင်ပြီးအရှိန်မြှင့်တင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရန်း(အာအေအင်ဒီ) ပညာရှင်အဖွဲ့၏ လေ့လာချက်တွင် ဖော်ပြထားသည်။

ခေတ်မီရေးအစီအစဉ်အရ ဖြည့်ဆည်းဆောင်ရွက်သည့်တိုင်အောင် ကမ်းခြေစောင့်တပ်ဖွဲ့၏ သမားရိုးကျတာဝန်များနှင့် နောက်တိုးလာမည့်တာဝန်များကို ပြည့်မီအောင်ဆောင်ရွက်ရန် ပြည့်စုံလုံလောက်မှု ရှိနိုင်မည်မဟုတ်ကြောင်း၊ လိုအပ်ချက်များရှိနေဦးမည်ဖြစ်ကြောင်း လေ့လာချက်ကဆိုသည်။

ကမ်းခြေစောင့်တပ်ဖွဲ့အတွက် ရန်ပုံငွေကို ဒေါ်လာသန်း ၈၅၀၀မှ နှစ်ဆမျှတိုးပြီး အမေရိကန်ဒေါ်လာသန်း ၁၆၂၀၀ အထိသတ်မှတ်ရန် လိုမည်ဖြစ်ကြောင်း၊ ထို့အပြင် စီမံကိန်း အချိန်ကာလကိုလည်း အနှစ် ၂၀မသတ်မှတ်ဘဲ ငါးနှစ်မှ ၁၀နှစ်အတွင်းသာသတ်မှတ်သင့်ကြောင်း လေ့လာသူပညာရှင်အဖွဲ့က အဆိုပြုထားသည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းများ

အီရတ်တွင် သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၇၂၂ ဦးရှိပြီ

ဘဂ္ဂဒက် မေ ၂၈

အီရတ်ကို လွန်ခဲ့သည့်နှစ်က အမေရိကန်ဦးဆောင်သည့်တပ်များ စစ်ဆင်တိုက်ခိုက်သည့် အချိန်မှစ၍ မေ ၂၈ရက် ဗုဒ္ဓဟူးနေ့အထိ အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၇၂၂ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်စာရင်းများ အရ သိရသည်။ ၎င်းတို့အနက် ၅၂၁ဦးမှာ တိုက်ပွဲတွင် သေဆုံးခြင်းဖြစ်ပြီး၊ ၂၀၁ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

ထိုကာလအတွင်း အီရတ်၌ ဗြိတိန်တပ်ဖွဲ့ဝင် ၅၈ဦး သေဆုံးကြောင်း ဗြိတိန်စစ်ဘက်က ကြေညာသည်။ ထို့အပြင် အီတလီက ၁၇ဦး၊ စပိန်က ရှစ်ဦး၊ ဘူဂေးရီးယားက ခြောက်ဦး၊ ယူကရိန်းက လေးဦး၊ ဒိန်းမတ်၊ အယ်ဆာဗေဒို၊ အက်စတိုးနီးယားနှင့် ပိုလန်တို့က တပ်ဖွဲ့ဝင် တစ်ဦးစီ သေဆုံးသည်။

အီရတ်တွင် တိုက်ပွဲများကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်နေ့တွင် ကြေညာပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၅၈၂ ဦးရှိသည်။ ၎င်းတို့အနက် တိုက်ပွဲတွင် သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေ ၄၁၀ ဦးရှိပြီး၊ အခြားအကြောင်းများကြောင့် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၁၇၂ ဦးရှိကြောင်း အမေရိကန် ကာကွယ်ရေးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။ ***အင်တာနက်။***

မေ ၂၇ ရက်က အီတလီ ဝန်ကြီးချုပ် ဘာလူစကိုနီ၏ နေအိမ်ရှေ့တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဘဂ္ဂဒက်အနီး တိုက်ခိုက်မှုဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၈

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တော်တွင် ခုခံတွန်းလှန်သူများက တိုက်ခိုက်သဖြင့် အင်္ဂါနေ့က အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားသည်။ ၎င်းနှင့်ပါဆိုလျှင် မေလအတွင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၁၁၅ ဦးရှိသွားပြီ ဖြစ်သည်။

အဆိုပါသေဆုံးသူ အရေအတွက်မှာ လွန်ခဲ့သည့်နှစ်က အီရတ်အား ကျူးကျော် ဝင်ရောက်စနှစ်လအတွင်း သေဆုံးသွားသော အမေရိကန် တပ်ဖွဲ့ဝင်ဦးရေနှင့် အတူတူပင် ဖြစ်သည်။

ဘဂ္ဂဒက်မြို့၏ ဆင်ခြေဖုံး ဆာဒါးမြို့အနီး ကင်းလှည့်လာသော အမေရိကန်တပ်ဖွဲ့များကို ရိုးယိုက် သေနတ်သမားများက တိုက်ခိုက်သဖြင့် အင်္ဂါနေ့က အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးရခြင်းဖြစ်ကြောင်း ဗိုလ်ချုပ်မက်ကင် မစ်က ပြောဆိုသည်။

အင်္ဂါနေ့က ယင်းသို့ တိုက်ခိုက်ခံရပြီးနောက် အခြားသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးလည်း ဒဏ်ရာရသွားသည်။ ***အင်တာနက်။***

အီရတ်အခြေအနေ မတည်မငြိမ်ဖြစ်မှု တရုတ်ပြည် စိုးရိမ်မကောင်းဖြစ်

ပေကျင်း မေ ၂၈

အီရတ်၌ ဇွန်လ ၃၀ ရက်တွင် စီစဉ်ထားသည့်အုပ်ချုပ်မှုလွှဲပြောင်းပေးအပ်ပြီးခြင်းနှင့် အီရတ်နိုင်ငံ၏အချုပ်အခြာအာဏာကိစ္စမှာ အမှန်စင်စစ်ခွဲခြားချန်လှပ်၍မရနိုင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူကောင်းကျွမ်က အင်္ဂါနေ့တွင် ပြောကြားသည်။

အမေရိကန်တို့က အုပ်ချုပ်မှုလွှဲပြောင်းအပြီးတွင် အီရတ်ပြည်သူများသာ ၎င်းတို့နိုင်ငံကို ၎င်းတို့ အုပ်ချုပ်သင့်ကြောင်း၊ သို့မှသာ ကုလသမဂ္ဂအဖွဲ့ကြီး အနေဖြင့် အီရတ်အရေးတွင် ၎င်း၏ အခန်းကဏ္ဍမှ ထိုက်သင့်သလို ပါဝင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး အီရတ်၏အနာဂတ်ရေးတွင် ထာဝစဉ်လုံခြုံရေး၊ တည်ငြိမ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်နိုင်သည့် အခြေအနေများကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ၎င်းကပြောကြားလိုက်သည်။သို့သော် အီရတ်အခြေအနေမှာ အကောင်းဘက်ကို ဦးတည်ရမည့်အစား ပိုမို၍ ဝရုန်းသုန်းကားဖြစ်နေသည့်အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံက လွန်စွာစိုးရိမ်မကောင်း ဖြစ်ရကြောင်း၊ အီရတ်ပြဿနာဖြေရှင်းရေးအတွက် အသွင် ကူးပြောင်းရေးနှင့် ရွေးကောက်ပွဲကဲ့သို့သော အရေးကြီးကိစ္စများတွင် အလွှာအသီးသီးမှ အီရတ် ပြည်သူတို့၏အသံကို အားထားသင့်ကြောင်းဖြင့် ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆုတောင်းပြည့် အေးငြိမ်းချမ်းသာရာညီနောင်ဘုရား ထီးတော်တင်လှူပွဲ

ရန်ကုန် ဧပြီ ၂၉

ပဲခူးတိုင်း ကဝမြို့နယ်တွင် တည်ထားသော ငွေတောင်ကျေးရွာနှင့် မီးလောက်ကျေးရွာကြားရှိ ဆုတောင်းပြည့် အေးငြိမ်းချမ်းသာရာညီနောင်ဘုရားထီးတော်တင်လှူပွဲကို ကဆုန်လပြည့်နေ့တွင် ဘုရားဝင်း၌ နံနက် ၈နာရီ ၁၀မိနစ်တွင် စမတောင်ဆရာတော်အားအမှူးထား၍ ထီးတော်တင်လှူမည် ဖြစ်ရာ လှူဒါန်းလိုသူများ ကိုမျိုးမြင့်-မအေးစံ ဖုန်း-၀၅၂-၂၁၃၅၀၊ ဦးမြင့်သန်း-ဒေါ်ကျင်မြိုင် ဖုန်း-၀၅၂-၂၁၄၄၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ချိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ဘိုးဘိုး ဘွားဘွား ပြည့်ခွန်အား

အောင်စည်ဟိန်း

၂၀၀၃ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့ထုတ် The New Light of Myanmar သတင်းစာတွင် အသက် ၆၅နှစ်ကျော် သက်ကြီးဦးရေများပြားသည့် နိုင်ငံအချို့အကြောင်းပါရှိသည်။ အသက် ၆၅နှစ်နှင့် အထက်ရှိသူဦးရေမှာ ဂျပန်နိုင်ငံတွင် လူဦးရေ၏ ၁၉ ရာခိုင်နှုန်း၊ အီတလီတွင် ၁၈ ဒသမ ၂ ရာခိုင်နှုန်း၊ ဂျာမနီတွင် ၁၇ ဒသမ ၁ ရာခိုင်နှုန်းနှင့် ပြင်သစ်တွင် ၁၆ ဒသမ ၁ ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရသည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီ၏ ၂၀၀၁ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံတွင် အသက် ၆၅နှစ်နှင့် အထက်ရှိသူဦးရေ ၂၆၄၇၀၀၀ ရှိသဖြင့် လူဦးရေ၏ ၅ ဒသမ ၂၈ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရသည်။

သက်ကြီးရွယ်အိုများပြားသည့် နိုင်ငံများမှာ ဖွံ့ဖြိုးပြီးနိုင်ငံများ ဖြစ်ကြပြီး ယင်းနိုင်ငံများ၏ စီးပွားရေးစီမံကိန်း လိုအပ်ချက်အရ ချမှတ်ခဲ့သည့် လူဦးရေထိန်းချုပ်မှုစနစ်ကြောင့် ယခုကဲ့သို့ သက်ကြီးဦးရေများပြားနေရခြင်းဖြစ်ပါသည်။ ရေရှည်တွင် လူငယ်ထုအင်အား နည်းပါးလာမည့်အရေးနှင့် ကာယလုပ်သားများ ပြည်ပမှ တင်သွင်းရမည့်အရေးသည် ရင်လေးရမည့်ပြဿနာအဖြစ် ယင်းနိုင်ငံအစိုးရများက ခံယူထားပါသည်။ မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ် စာရင်းအရ လူဦးရေ ၅၂ သန်းကျော်အနက် အသက် ၆၀နှင့် အထက်ဦးရေမှာ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရပါသည်။ မြန်မာနိုင်ငံတွင် သားသမီးဦးရေကန့်သတ်ခြင်းမရှိသဖြင့် စီးပွားရေး၊ ကျန်းမာရေး ပတ်ဝန်းကျင်အခြေခံကောင်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ အိမ်ထောင်ပြုနှုန်းနှင့် လူဦးရေတိုးနှုန်းများလည်း မျှတကောင်းမွန်နေမည် ဖြစ်ပါသည်။

၁၉၉၉ ခုနှစ်မှစ၍ အောက်တိုဘာ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ (International Day of Older Persons) အဖြစ် သတ်မှတ်ကျင်းပရန် ကုလသမဂ္ဂအထွေထွေ ညီလာခံက ဆုံးဖြတ်ခဲ့သည့်အတွက် မြန်မာအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတိုင်းက နှစ်စဉ်အောက်တိုဘာ ၁ ရက်နေ့ရောက်တိုင်း **အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့** အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလေ့ရှိပါသည်း ယင်းအခမ်းအနားများတွင် သက်ကြီးရွယ်အိုများအား ချီးကျူးဂုဏ်ပြုခြင်း၊ ငွေ၊ ပစ္စည်း၊ စားဖွယ်သောက်ဖွယ်တို့ဖြင့် လှူဒါန်းပူဇော်ခြင်းများကို နိုင်ငံအလိုက်၊ ယဉ်ကျေးမှုဓလေ့ထုံးစံအလိုက် ပြုလုပ်ကြသည်မှာ မွန်မြတ်သော လုပ်ငန်းစဉ်အဖြစ် ရှင်သန်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ယင်းအခမ်းအနားမျိုး သတ်မှတ်ဆောင်ရွက်ခြင်းမပြုမီ အတိတ်ကာလ ရှည်လျားစွာကပင် ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့်အညီ သက်ကြီးရွယ်အိုများအပေါ် ရိုသေမြတ်နိုးပူဇော်ကြသည့် အစဉ်အလာကောင်းများ ရှိနှင့်ပြီးဖြစ်ပါသည်။ ကျွန်တော်တို့ ငယ်စဉ်က ဘိုးဘွားမိဘများကို လည်းကောင်း၊ ဘိုးဘွားမိဘများမရှိတော့လျှင် အသက်ကြီးသော အစ်ကိုအစ်မများကိုလည်းကောင်း၊ ဝါဝင်ဝါထွက်၊ မြန်မာနှစ်ဆန်းတစ်ရက်နှင့် ခရီးဝေးထွက်ခွာခါနီးကာလများတွင် အထူးပြုကန်တော့လေ့ရှိပြီး သာမန်အားဖြင့် ညအိပ်ရာမဝင်မီ ကန်တော့လေ့ရှိပါသည်။ မိမိတို့ နေအိမ်မှာသာမက ရပ်ကွက်အတွင်းရှိ ဘိုးဘွားများ၊ ဆရာသမားများကိုပါ နေ့ကြီးရက်ကြီးများတွင် တစ်အိမ်တက်ဆင်း လှည့်လည်ကန်တော့လေ့ရှိသည့် မြန်မာဓလေ့မှာ ဂုဏ်ယူဖွယ်ကောင်းလှပါသည်။

ကျွန်တော် ယခုရေးသားတင်ပြလိုသည့်အချက်မှာ ဖော်ပြခဲ့သော သက်ကြီးရွယ်အိုများထဲမှ တိုင်းကျိုးပြည်ပြု စွမ်းအားရှိသူများကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ခွန်အားတစ်ရပ်အဖြစ် ပိုမိုပါဝင်နိုင်အောင် တွေးခေါ်မြော်မြင်ရေးပင် ဖြစ်ပါသည်။ မြန်မာမှုနယ်ပယ်တွင် သာမန်အားဖြင့် အသက်၅၀ ဝန်းကျင်သည် ဘိုးဘိုးဘွားဘွားဟု စတင်အခေါ်ခံရသည့်အရွယ်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် **ဂျူနီယာ ဘိုးဘိုးဘွားဘွားများ** ဟု ခေါ်နိုင်ပါသည်။ လူ့ဘဝအတွေ့အကြုံများထဲက အဆိုးအကောင်း သင်ခန်းစာများ ရတနာသလောက် ရရှိခဲ့ပြီး အသင့်အတင့် ရင့်ကျက်မှုရှိနေသူများလည်း ဖြစ်ပါသည်။ အသက် ၆၀ ကျော် ၇၀ ဝန်းကျင်ရှိလာသည့်အခါ **စီနီယာ ဘိုးဘိုးဘွားဘွားများ** ဖြစ်လာကြပါသည်။ လောကဓံတရားကို ပို၍ နားလည်ခံယူတတ်လာပြီး လူ့ပတ်ဝန်းကျင်အပေါ် ပေးဆပ်ခြင်းများစွာဖြင့် ပေးဆပ်နိုင်စွမ်းသော အရွယ်များလည်း ဖြစ်ကြပါသည်။ မြန်မာ့အတိတ်နှင့် ပစ္စုပ္ပန်သမိုင်းတွင် သာသနာရေးလောက၊ ပညာရေးလောက၊ စာပေ လောက၊ အနုပညာလောကစသည်တို့တွင် အများပြည်သူတို့၏ အသိအမှတ်ပြုခြင်းခံရသော ပုဂ္ဂိုလ်ကြီးများကိုကြည့်လျှင် အများစုမှာ စီနီယာ ဘိုးဘိုးဘွားဘွား အရွယ်များပင် ဖြစ်မည်ထင်ပါသည်။

စာရေးဆရာအောင်ဝင်း(စိတ်ပညာ)၏ **စိတ်တန်ခိုးဖြင့် တိုးတက်ချမ်းသာပါ** ဟူသော စာအုပ်တွင် ယခုလို တွေ့ရပါသည်။ သာမန်အားဖြင့် လူတို့သည် ဦးနှောက်ကိုသုံးရာတွင် ၁၀ ရာခိုင်နှုန်းမျှသာသုံးလေ့ရှိပြီး ၉၀ ရာခိုင်နှုန်းမှာ အိပ်စက်ခိုင်းထား သလိုရှိနေကြောင်း၊ အသက် ၃၀ အရွယ်ထက် အသက် ၆၀ အရွယ်၏ ဦးနှောက်သည် ပိုမိုပျော့ပျောင်းပြီး တီထွင်နိုင်စွမ်းလည်း ပိုမိုကြောင်း၊ အသက်ကြီးရုံမျှနှင့် ဦးနှောက်က မအိုနိုင်ကြောင်း၊ အိပ်စက်သလိုရှိနေသည့် ဦးနှောက်ကို နိုးကြားစေခြင်းဖြင့် အလုပ်စွမ်းအား ပိုမိုရရှိခံစားနိုင်ကြောင်း၊ စိတ်ဝင်စားဖွယ် အလုပ်အသစ် အသစ်တို့ကို တစ်ခုပြီးတစ်ခု မနားတမ်း လုပ်ကိုင်နေခြင်းဖြင့် စိတ်ကိုနုပျိုငယ်ရွယ်စေကြောင်း၊ စိတ်ထားမှုမှန်လျှင် သွေးလှည့်ပတ်မှုမှန်ကန်ခြင်း၊ အစာကြေချက်အားကောင်းခြင်း၊ ရုပ်ဆင်းကြည်လင်ခြင်း စသည့် ချမ်းသာသုခများ ရရှိနိုင်ကြောင်း မှတ်သားဖွယ် တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် သာမန်အားဖြင့် ဝန်ထမ်းများ အသက်၆၀ ပြည့်လျှင် ပင်စင်ယူပါသည်။ ပင်စင်ယူပြီးနောက် ငါအိုပြီ နားရတော့မည်ဟူသောအသိက ဦးစွာလွှမ်းမိုးလေ့ရှိပါသည်။ ပင်စင်စားများအနက် ဘာသာရေး၊ သာသနာရေးဘက်သို့ လိုက်စားသွားသူ တချို့ရှိပါသည်။ များသောအားဖြင့် ဘာသာရေး၊ စီးပွားရေး၊ အားကစား၊ လူမှုရေးရာစသည့် ကိစ္စများတွင် အဆင်ပြေသလို သင့်ရာသင့်ရာ ပါဝင်လှုပ်ရှား ဆောင်ရွက်လေ့ရှိကြပါသည်။ တတ်သိပြီးသော စာပေပညာဖြင့် တစိုက်မတ်မတ် ဝန်ဆောင်မှုပေးနေသော ပုဂ္ဂိုလ်များလည်း အနည်းအပါးရှိပါသည်။ တချို့လည်း မည်မည်ရရအလုပ်ဟူ၍ မရှိဘဲ ကလေးထိန်း၊ ကျောင်းပို့၊ ကျောင်းကြို စသည့်ဗာဟီရအလုပ်နှင့် ဇာတ်မျောနေသူများလည်း ရှိတတ်ပါသည်။ ဝန်ထမ်းမဟုတ်ကြသည့် အသက် ၆၀ ကျော်များ၏ ဘဝထိုထိုသည်လည်း ဤနည်းနှင်နှင်ဖြစ်လိမ့်မည် ထင်ပါသည်။

ဖွံ့ဖြိုးပြီး ဥရောပနိုင်ငံတချို့တွင် ဘိုးဘိုးဘွားဘွား အများစုသည် လူပျို အပျိုတုန်းကလိုပင် သန့်သန့်စင်စင်၊ ပြုပြုပြင်ပြင်၊ လှပသပ်ရပ်စွာဝတ်စားဆင်ယင်လေ့ရှိကြပုံ၊ စာကြည့်တိုက်များ၊ ပြတိုက်များတွင် အချိန်ဖြုန်းတတ်ပုံ၊ အပန်းဖြေဥယျာဉ်များ၊ ကဇာတ်ရုံများတွင် အနားယူအပန်းဖြေကြပုံ၊ ပြည်တွင်းပြည်ပ အထူးသဖြင့် လေကြောင်းလိုင်းများဖြင့် ဗဟုသုတရှာ အပျော်ခရီးထွက်တတ်ကြပုံများကို ဖတ်လည်းဖတ်ဖူး၊ မြင်လည်းမြင်ဖူးခဲ့သည့် ကျွန်တော့်အဖို့ မြန်မာ့ယဉ်ကျေးမှုနှင့် နှိုင်းယှဉ်စဉ်းစားမိပါသည်။ အနောက်တိုင်း ယဉ်ကျေးမှုထုံးစံအရ တစ်နှစ်တွင် တစ်ကြိမ်နှစ်ကြိမ်သာ မွေးနေ့၊ ခရစ္စမတ်စသည့် အထိမ်းအမှတ် လက်ဆောင်များကို သားသမီးက မိဘ ဘိုးဘွားထံ ပို့ပေးခြင်းဖြင့် ပီတိဖြစ်ကြသည်။ သားသမီးက မိဘနှင့်အတူနေပြီး မိဘဘိုးဘွားများအား အနီးကပ်ပြုစု စောင့်ရှောက်မှုမျိုးသည် ရှားရှားပါးပါး ဖြစ်ပါသည်။ သာမန်အားဖြင့် ဘိုးဘွားများ၏ အားထားရာသည် ကျန်းမာရေး အာမခံထားရှိရာ ဆေးရုံနှင့် ဘိုးဘွားဂေဟာသာ ဖြစ်ပါသည်။ ဘိုးဘွားများအဖို့ သားသမီးနှင့်ဝေးရာတွင် အထီးကျန်ငြီးငွေ့ဖွယ်ဘဝဖြင့် ဇာတ်သိမ်းကြရသည်က များပါသည်။

မြန်မာမှုနယ်ပယ်တွင် မိဘဘိုးဘွားတို့ မိသားစုနှင့်အတူနေရင်း ပြုစုစောင့်ရှောက်မှုကို ခံယူနိုင်ကြသည်။ အားကိုးရာမဲ့သူ တချို့လောက်သာ ဘိုးဘွားရိပ်သာ၏ စောင့်ရှောက်မှုကိုခံယူကြသည်။ ကျွေးမွေးနိုင်သည့် သားသမီးရင်းချာများရှိပါလျက် လူမှုရေးအကြောင်းများကြောင့် မလွဲမရှောင်သာ ရိပ်သာတွင် ခိုလှုံကြရသည့် ဘိုးဘွားအချို့လည်းရှိတတ်ကြောင်း တွေ့ဖူးပါသည်။

တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ယဉ်ကျေးမှု ထုံးတမ်းဓလေ့ချင်း မတူနိုင်သည့် အချက်ပေါင်းများစွာ ရှိသည့်အနက် အဓိကအကျဆုံး အချက်မှာ **လောကအမြင်ခံယူချက်**နှင့် **လူ့ယဉ်ကျေးမှု ဖွံ့စည်းထူထောင်ပုံစနစ်** ဖြစ်မည်ဟု ကျွန်တော်ထင်ပါသည်။

သို့ဖြစ်ပေရာ ငွေဖြင့်ဝယ်မရနိုင်သည့် ဘဝအတွေ့အကြုံများနှင့် သဘာဝလက်ဆောင်ဖြစ်သည့် စွမ်းအားပြည့် ဦးနှောက်ကို ပိုင်ဆိုင်ထားကြသည့် သက်ကြီးရွယ်အိုများ၏ လူသားအကျိုးပြု လုပ်ဆောင်ဖွယ်ရာများကို ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာလုပ်ဆောင်နိုင်အောင် ဝိုင်းဝန်းစောင့်ရှောက်ရေးနှင့် တိုင်းကျိုးပြည်ပြု စွမ်းအားရှင် ဘိုးဘိုးဘွားဘွားများ၏ ခွန်အားကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် နိုးနိုးကြားကြား ပါဝင်နိုင်အောင် တွေးခေါ်မြော်မြင်ရေးသည် ကျွန်တော်တို့ ပြည်သူအားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး(၄/၂၀၀၄)အစည်းအဝေးကို ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)နှင့်အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိကအမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ဗဟိုအမှုဆောင် အစည်းအဝေး(၃/၂၀၀၄) ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှုတို့ကို တင်ပြသည်။

ဆက်လက်၍ ရုံးအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေးလေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေး လုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့တို့၏ ခေါင်းဆောင်များက အကြံပြုဆွေးနွေးကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၄-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၂၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၃၅** ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Consepts of Equilibrium (စီးပွားရေး၊စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
- **၅:၃၀** ၁၀။ ပညာခေတ်
- **၅:၄၅** ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဉာဏ်ကျယ်လေး" (အပိုင်း-၁၅)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း-၃၇)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ပုဇွန်တောင်မြို့နယ် မလွန်ဈေးဆန်လှူအသင်းထောက် ဒုတိယအကြိမ်တရားပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဓမ္မာရုံသစ်ကြီးတွင် ပုဇွန်တောင်မြို့နယ် မလွန်ဈေးဆန်လှူအသင်းထောက်မှ ဒုတိယအကြိမ် ဆန်အလှူခံ အကြိုတရားပွဲများ ကျင်းပမည်ဖြစ်ရာ မေ ၁ ရက်မှ ၂ ရက်အထိ ည ၇ နာရီတွင် (၉)ဘွဲ့ရ အရှင်အာစာရာလင်္ကာရ(စစ်ကိုင်း၊ ရွှေဟသ်ာကျောင်းတိုက်) ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပါသည်။ (က-ပ)

ကဆုန်လပြည့် ဗုဒ္ဓနေ့ တရားတော် အသံလွှင့်ဟောကြားတော်မူမည်

ရန်ကုန် ဧပြီ ၂၉

၁၃၆၆ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) (၂၀၀၄-ခုနှစ် မေ ၃ရက်) တနင်္လာနေ့ နံနက် ၇နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသည့် ဆရာတော်ငါးပါးတို့က "ကဆုန်လပြည့် ဗုဒ္ဓနေ့တရားတော်" နှင့် "ဗုဒ္ဓါဘိသေကအနေကဇာတင် ပါဠိတော်များ"ကို အသံလွှင့်ဟောကြားတော်မူကြမည်ဖြစ်သည်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြားပစ်အားကစားကွင်း အဆင့်မြှင့်ပြုပြင်ပြီးစီးနေမှုနှင့် ဘောလုံးကွင်းသစ်များ ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၈နာရီတွင် ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် မြားပစ်လေ့ကျင့်ရေးကွင်းသို့ရောက်ရှိပြီး မြားပစ်အားကစားကွင်း အဆင့်မြှင့်ပြုပြင်ပြီးစီးနေမှုများနှင့် စခန်းဝင်လေ့ကျင့်မှုများပြုလုပ်နေကြသော မြားပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်းနှင့် တာဝန်ရှိသူတို့က မြားပစ်အားကစားကွင်းအဆင့်မြှင့်ပြုပြင်ထားမှုနှင့်လေ့ကျင့်မှုအခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မြားပစ် အဆောက်အအုံအသစ် အတွင်းရှိ ဧည့်ခန်း၊ အဖွဲ့ချုပ်ရုံးခန်း၊ အစည်းအဝေးခန်း၊ အားကစားသမားများ အိပ်ဆောင်များ၊ စားသောက်ဆောင်၊ စားဖိုဆောင်၊ စာတွေ့ပို့ချခန်း၊ နားနေခန်းနှင့် အားကစားပစ္စည်းသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကြိုးစားလေ့ကျင့်

ထို့နောက် ဝန်ကြီးသည် မြားပစ် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အားကစားမောင်မယ်များအား တွေ့ဆုံ၍ နိုင်ငံဂုဏ်ဆောင်နိုင်ရေးအတွက် စိတ်ဓာတ်၊ စည်းကမ်း၊ လေ့ကျင့်ရေးဆောင်ပုဒ်အတိုင်း အပြင်းအထန်ကြိုးစားလေ့ကျင့်သွားကြရန် မှာကြားအားပေးသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် ကျိုက္ကဆံကွင်းအတွင်း ဘောလုံးကွင်းသစ်များ ဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သတ်မှတ်ချိန်အတွင်း ပြီးစီးရန်နှင့် သတ်မှတ်စံချိန်စံညွှန်းအတိုင်းပြည့်မီရေး ဂရုပြုရန်မှာကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကျိုက္ကဆံ မြားပစ်လေ့ကျင့်ရေးကွင်းတွင် လေ့ကျင့်လျက်ရှိသော မြားပစ် အားကစားမောင်မယ်များအား အားပေးစကားပြောကြားစဉ်။ (အား/ကာ)

လမြတ်ကဆုန်

* ဂိမာန်သည်နွေ
အေးမြစေ၍
ဆုခြွေပန်ညွှန်း
ညောင်ရေသွန်းသည်
တစ်ဝန်းအပူငြိမ်းစေမည်။

* ငြိမ်းအေးသာကြည်
မြန်မာပြည်တွင်
ရေရှည်မှန်းဆ
ညီညွတ်ကြ၍
အလှဂုဏ်ရည် တင့်ပေပြီ။

* တင့်လှညီညာ
ပြည်မြန်မာသည်
အနာဂတ်လမ်း
ညီညွတ်စွမ်းနှင့်
တက်လှမ်းစုံညီ
ချီလေပြီ။

* ဂိမာန်သည်နွေ
အေးမြစေ၍
ဆုခြွေပန်ညွှန်း
ညောင်ရေသွန်းသည်
တစ်ဝန်းဇမ္ဗူ ငြိမ်းစေသတည်း။ ။

နှင်းမောင် (ဗိုးကုန်း)

စိစစ်ရေးကတ်ပြားပေးအပ်

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၉)ရပ်ကွက်တွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဧပြီ ၂၆ ရက်က ကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေးနှင့် မြို့နယ်ဦးစီးမှူး ဦးပေါချိန်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

အာရှဖလားပိုက်ကျော်ခြင်း မြန်မာအသင်း ကြေးတံဆိပ်နှစ်ခုဆွတ်ခူး

ရန်ကုန် ဧပြီ ၂၉

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဧပြီ ၂၂ရက်မှ၂၅ရက်အထိကျင်းပခဲ့သော ၂၀၀၄ခုနှစ် အာရှဖလား ပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ အမျိုးသား Regu နှင့် အမျိုးသမီး Reguအဖွဲ့တို့သည် တတိယ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ပြီး မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်ခေါင်းဆောင်သော အဆိုပါ ပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် ဧပြီ၂၇ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။ (သတင်းစဉ်)

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ရရှိခဲ့သည့် ရွှေတံဆိပ်စုစုပေါင်း ၁၆ခုမှ ၁၈ခုသို့ အတည်ပြုပြောင်းလဲသတ်မှတ်

ရန်ကုန် ဧပြီ ၂၉

၂၀၀၃ခုနှစ် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ်၏ ၂၀၀၄ခုနှစ် မတ် ၃၁ရက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအဖွဲ့ချုပ် အဖွဲ့ဝင် အမျိုးသား အိုလံပစ်ကော်မတီများ၏ဥက္ကဋ္ဌများထံ လိပ်မူလျက် သတင်းထုတ်ပြန်ချက်အရ ကနူးလှေလှော် အမျိုးသားပြိုင်ပွဲ မီတာ (၅၀၀) (C 1)နှင့် မီတာ(၁၀၀၀) (C 1)ပြိုင်ပွဲများတွင် တားမြစ်ဆေးဝါးသုံးစွဲခဲ့သော ဗီယက်နမ်နိုင်ငံမှ ပထမ ရွှေတံဆိပ်ဆုရ အားကစားသမားကို အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ စည်းမျဉ်းစည်းကမ်းအရ လိုအပ်သော အရေးယူမှုများပြုလုပ်ခဲ့သဖြင့် အဆိုပါပြိုင်ပွဲနှစ်ရပ်စလုံးတွင် ဒုတိယရရှိခဲ့သူ မြန်မာနိုင်ငံမှ အောင်လင်းသည် ပထမရွှေတံဆိပ်နှစ်ဆုရရှိခဲ့သည်။

သို့ဖြစ်ရာ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် စုစုပေါင်းရရှိခဲ့သည့် ရွှေတံဆိပ်စုစုပေါင်းမှာ ၁၆ခုမှ ၁၈ခုသို့ အတည်ပြုပြောင်းလဲသတ်မှတ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧပြီ ၂၇ရက်က ဒလမြို့နယ် မြို့မ(၄)ရပ်ကွက် စံပြသောက်သုံးရေကန်ကြီး ပြန်လည်တူးဖော်ရန် အလှူငွေပေးအပ်ပွဲကို မင်္ဂလာစံကျောင်းတိုက်၌ ကျင်းပရာ ရန်ကုန်မြို့နေ အလှူရှင် ဦးသောင်း-ဒေါ်ကြွေ (မောင်သောင်းဦးထုပ်)၊ သားဦးရဲနိုင်၊ သမီး ဒေါ်ခင်အေးမြင့်၊ မြေး မောင်မြတ်မင်းအောင် မိသားစုက အလှူငွေကျပ် ၂၄၀၀၀၀ ကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်သို့ ပေးအပ်လှူဒါန်းစဉ်။ (၅၂၉)

မီး သတိပြု

စူပါသတင်းဂျာနယ် အမှတ်(၁၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၉

၂၉-၄-၂၀၀၄ရက်နေ့ထုတ် စူပါသတင်းဂျာနယ်အမှတ်(၁၁)တွင် ဒွေးဘာကြောင့် စူပါဖြစ်ရသလဲ၊ လွင်မိုးနဲ့ ကိုးဂဏန်းဆက်စပ်မှု၊ သူများသီချင်းပြန်ဆိုမိရင် မူရင်းသီချင်း ဖျက်ဆီးတယ်လို့ အထင်ခံရမှာကြောက်တဲ့ ဖြိုးကြီးအကြောင်း၊၊ သရုပ်ဆောင် မလုပ်နိုင်တော့တဲ့အခါ နဝရတ် ဘာလုပ်မလဲ၊ ဘောလုံးသမား စိုးမြတ်မင်းနဲ့ ၂၀၀၄ သင်္ကြန်၊ ဗီစီဒီကာရာအိုကေအောင်မြင်မှုကက်ဆက်ခွေ ရောင်းရတဲ့အကြောင်း၊ တင်ဇာမော်နဲ့ Metal Zone ကိစ္စ၊ ပရိဂျူဆာနန္ဒာလှိုင်ရဲ့ နော်လီဇာ ကာရာအိုကေ၊ လွန်ခဲ့တဲ့ခုနစ်နှစ်က တေးရေးဆရာ ခုနစ်ယောက်ရဲ့အကြောင်း၊ ပုလဲဝင်း မက်ခဲ့တဲ့ အိပ်မက်သုံးခုအကြောင်း၊ အောင်ဟိဏ်း(ကျိုက်ထော်)ရဲ့ ဗီဒီယိုရုပ်ရှင်စူပါဖြစ်လျှင်ဆောင်းပါး၊ ဒေးဗစ်ဘက်ဟမ်း ကောလာဟလတွေကို ဘယ်လိုချေဖျက်လိုက်သလဲ အပါအဝင် စိတ်ဝင်စားစရာ အနုပညာရေးရာ သတင်း၊ အင်တာဗျူးနှင့်ဆောင်းပါးများ ပါဝင်ပြီး ဆင်တောင်ကြီးစာပေ၊ အမှတ်(၄၁)၊ ၂၉လမ်း၊ ရန်ကုန်မြို့က ဖြန့်ချိကြောင်းသိရသည်။ (က-ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ရှင်သာမဏေ ဓမ္မဗိမာ...
ပိဋကတ်မြန်မာပြန်သင်...

တော် သက်တော် (၈၃)နှစ် သိက္ခာတော် (၆၃)ဝါရှိ ဘဒ္ဒန္တဇောတိပါလ၏ မွေးနေ့ပွဲနှင့် နိဗ္ဗာန်ကျေးရွာ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီး ရေစက်ချအလှူပွဲကို နိဗ္ဗာန်ကျေးရွာ ဥတ္တရမဟာဝိဟာရ ကျောင်းတိုက်၌ ဆက်လက်ကျင်းပသည်။

ရေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ငါးပါးသီလခံယူ

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်သာသနာပိုင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနိဿရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလထံမှနိုင်ငံတော်ဝန်ကြီးချုပ်



တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနိဿရိယ ဆရာတော် ဘဒ္ဒန္တဇောတိပါလက

စာအုပ်များကို ကျောင်းအုပ်ဆရ... ဦးသန်းရွှေအား ပေးအပ်သည်...

ထို့နောက် အခမ်းအနားကို... သာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွှ... ဆုတောင်း၍ ရုပ်သိမ်းလိုက်သ...

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာရှိ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီး ဖွင့်ပွဲအပြီးတွင် ဆဒ္ဒန်ရတနာတံတားကြီးပေါ်၌ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်သာသနာပိုင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနိဿရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ အမှူးပြုသော ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များ၊ ပြည်လ...
နိဗ္ဗာန်ကျေးရွာသည် ဘိုးတော်မင်းတရား ကြီးလက်ထက်၌ ...

❀ **ရွှေ့ဖုံးမှ**

ဘဒ္ဒန္တဇောတိပါလ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာရှိ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီးတို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် မော်ကွန်းကျောက်စာကို နံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

လှူဖွယ်ပစ္စည်းများလောင်းလှူ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆဒ္ဒန်ရတနာတံတားကြီးပေါ်၌ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်သာသနာပိုင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနိဿရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တဇောတိပါလ အမှူးပြုသော ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမိုးငွေမိုး ရွာသွန်းသည်။

ရေစက်ချအလှူပွဲ

ယင်းနောက် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနိဿရိယ ဆရာ ... ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာ ဆဒ္ဒန်ရတနာ တံတားကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ဗလာစာအုပ်များကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

အနုမောဒနာတရား ဟောကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိဗ္ဗာန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ဗလာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီ... ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို... နှင့် ကျေးရွာ အေးချမ်းသာယ... နှင့် ဖွံ့ဖြိုးရေးကောင်စီဝ... ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေ... ပြည်သူများနှင့် ရင်းရင်းနှီးနှီးဒေ... ပြီး ဒေသစိုက်ပျိုးရေး၊ ပညာ... ကျန်းမာရေးလုပ်ငန်းအခြေအနေ... နှင့် ပတ်သက်၍ မေးမြန်းသ...

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီ... ဗိုလ်ချုပ်ကြီးခင်ညွန့်က နိဗ္ဗာန်ကေ... နှင့် ပတ်ဝန်းကျင်ကျေးရွာမျ... ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုး... လမ်းပန်းဆက်သွယ်ရေးနှင့်ဒေသ... ရေးအတွက် လိုအပ်ချက်မျ... ဖြည့်ဆည်းပေးပြီး မှာကြားရ... နိုင်ငံတော်အစိုးရအနေဖြင့် ကျေး... ဒေသများ ဖွံ့ဖြိုးရေး၊ ကျေးလ... ပြည်သူများ လူနေမှုဘဝမြင့်မာ... တို့အတွက် ကျေးလက်ဒေသ... ရေး လုပ်ငန်းစဉ်ငါးရပ် ချမှ... လိုအပ်သည့် ပံ့ပိုးဆောင်ရွက... ဖွယ်ရာများကို ဖြည့်ဆည်းစီမံ... ရွက်ပေးနေသည်နှင့်အညီ ဒေ... ပြည်သူများနှင့် မြို့နယ်တာဝ... များ ကိုယ်တိုင်ကလည်း ... စိုက်ထုတ်ပြီး တက်ညီလက်ညီကြ... ဆောင်ရွက်ကြရေးမှာကြားသ...

ယင်းနောက် နိုင်ငံတော်ဝန်ကြီ... ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝ... သည် နိဗ္ဗာန်ကျေးရွာရှိ ရှေးဟေ... ဥတ္တရမဟာဝိဟာရ ကျောင်း... အဆောက်အအုံကို ကြည့်ရှုကြ...

၎င်းကျောင်းတိုက်ကြီးကို ... ပြည့်နှစ်က တည်ဆောက်ခဲ့... ကျောင်းတိုက်ကြီး၏ အကျယ်အ... မှာ အလျားပေ ၁၂၀၊ အနံပေ ... ရှိပြီး အောက်ထပ် လှေကာ... နှစ်စင်း၊ အပေါ်ထပ် လှေကာ... နှစ်စင်း၊ အလျားပေ ၁၂၀ရှိ စင်္ကြံ...

ရှင်သာမဏေ ဓမ္မဗိမာန် ပိဋကတ်မြန်မာပြန်သင်တန်း

ရန်ကုန် မေ ၂၉

မြတ်စွာဘုရားဟောကြားတော်မူအပ်သော ပိဋကတ်တော်များကို ဗုဒ္ဓဘာသာဝင်တိုင်း သိရှိနားလည်နိုင်စေရန် ရှင်သာမဏေဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့ ပိဋကတ်ပညာရှင်များက ပိဋကတ်မြန်မာပြန်သင်တန်းကို သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းကို မေ ၈ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ စတင်ပို့ချမည်ဖြစ်ရာ ရှင်သာမဏေဓမ္မဗိမာန် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး အာဇာနည်လမ်း ဗဟန်းတွင် စာရင်းပေးသွင်းတက်ရောက်နိုင်ကြသည်။ (က–ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

စာအုပ်များကို ကျောင်းအုပ်ဆရာကြီး ဦးသန်းရွှေအား ပေးအပ်သည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရေစက်သွန်းချ အမျှပေးဝေ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနနိသရိယ ဆရာတော် ဘဒ္ဒန္တဇောတိပါလ၏ မွေးနေ့ပွဲနှင့် နိဗ္ဗာန်ကျေးရွာ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီး ရေစက်ချအလှူပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ယ်များ၊ ပြည်လုံး ချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီး တည်ဆောက်ဖွင့်လှစ်ခဲ့သည့်
ပက်ထက်၌ ဆဒ္ဒန်ဆင်ဖြူ ပေါ်ထွက်ခဲ့သည့် သမိုင်းဝင်ကျေးရွာကြီးတစ်ရွာဖြစ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒေသစိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ မေးမြန်းသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိဗ္ဗာန်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး မှာကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး၊ ကျေးလက်နေပြည်သူများ လူနေမှုဘဝမြင့်မားရေးတို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် ချမှတ်ပြီး လိုအပ်သည့် ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးနေသည်နှင့်အညီ ဒေသနေပြည်သူများနှင့် မြို့နယ်တာဝန်ရှိသူများ ကိုယ်တိုင်ကလည်း ဝီရိယစိုက်ထုတ်ပြီး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နိဗ္ဗာန်ကျေးရွာရှိ ရှေးဟောင်း ဥတ္တရမဟာဝိဟာရ ကျောင်းတိုက်အဆောက်အအုံကို ကြည့်ရှုကြသည်။

ဤကျောင်းတိုက်ကြီးကို ၁၂၉၀ ပြည့်နှစ်က တည်ဆောက်ခဲ့သည်။ ကျောင်းတိုက်ကြီး၏ အကျယ်အဝန်းမှာ အလျားပေ ၁၂၀၊ အနံပေ ၁၀၀ ရှိပြီး အောက်ထပ် လှေကားကြီးနှစ်စင်း၊ အပေါ်ထပ် လှေကားကြီးနှစ်စင်း၊ အလျားပေ ၁၂၀ရှိ စင်္ကြံလမ်းတို့ ပါရှိသည်။ ထို့ပြင် ကျောင်းတိုက်ကြီးမှာ တိုင်ပေါင်း ၁၃၃ တိုင် ရှိပြီး ကျောင်းသက်တမ်းမှာ ၇၆ နှစ်ရှိပြီဖြစ်ကြောင်း သိရှိရသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ပဲခူးတိုင်း ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာ ဆဒ္ဒန်ရတနာတံတားကြီး ဖွင့်ပွဲအပြီးတွင် တံတားကြီးပေါ်၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သမိုင်းဝင်ကျေးရွာကြီး

ယနေ့ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီး တည်ဆောက်ဖွင့်လှစ်ခဲ့သည့် နိဗ္ဗာန်ကျေးရွာသည် အမရပူရ ပထမမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီးလက်ထက်၌ ဆဒ္ဒန်ဆင်ဖြူ ပေါ်ထွက်ခဲ့သည့် ဘုရား ဇရပ် သိမ် ကျောင်း တန်ဆောင်း ရေကန်တို့ဖြင့် ခံ့ညားတင့်တယ်ခဲ့သည့် သမိုင်းဝင်ကျေးရွာကြီးတစ်ရွာဖြစ်သည်။

ယင်းနိဗ္ဗာန်ကျေးရွာဇာတိဖြစ်တော်မူသော ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇောတိပါလ ဆရာတော်ကြီး၏ မေတ္တာရပ်ခံချက်အရ ဆရာတော်ကြီး၏မွေးဖွားရာ ဇာတိဖြစ်သော ရတနာဆင်ဖြူတော် ပေါ်ထွက်ခဲ့ရာ နိဗ္ဗာန်ကျေးရွာတွင် ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်၊ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များကို နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ပူးပေါင်းပြီး တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ပေ ၂၀၀

ယနေ့ဖွင့်လှစ်သည့် ဆဒ္ဒန်ရတနာတံတားကြီးမှာ အောက်ခြေကွန်ကရစ်လွန်တူးပိုင်၊ အပေါ်ထည် သံပေါင်အမျိုးအစားတံတားဖြစ်သည်။ တံတားအရှည်မှာ ပေ ၂၀၀၊ ယာဉ်သွားလမ်းအကျယ်မှာ ၁၂ပေဖြစ်ကြောင်း သိရှိရသည်။

ပြည်လုံးချမ်းသာလမ်းမှာ နိဗ္ဗာန်ကျေးရွာနှင့် ပဲခူး–သနပ္ပင်–ခရမ်း–သုံးခွလမ်းမကြီးနှင့် ဆက်သွယ်မည့် လေးမိုင်အရှည် ကျေးလက်လမ်းဖြစ်ပြီး သိရီဇေယျာတံတားငယ်များမှာ အဆိုပါလမ်းပေါ်တွင် တည်ဆောက်ထားသည့် တံတားငယ်များဖြစ်သည်။

ပြန်လည်ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

❍ **ဆောက်လုပ်ရေးမှ**

ရှေးဦးစွာ ဝန်ကြီးသည် ရန်ကုန်–ညောင်တုန်း လမ်းအပိုင် လမ်းပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လမ်းအထူးအဖွဲ့ (၄ တာဝန်ယူဆောင်ရွက်လျက်ရှိသော မိုင်တိုင် ၄၃/၀ ကြိမ်ပင်ဆည်မှ မိုင် ၈၀/၀ အထိ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေ လမ်းအထူးအဖွဲ့(၁၆)နှင့် ပုသိမ်ခရိုင်တို့က တာဝန်ယူဆောင်ရွက် သည့် ကံကလေးလမ်းဆုံမှ ပုသိမ်အထိလမ်းသားမြှင့်တင်ခြင်းလုပ်ငန်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝ ဒုတိယအင်ဂျင်နီယာမှူးကြီးများအား မိုးမကျမီ သတ်မှတ်ထား လုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် နေ့ဆိုင်း–ညဆိုင်း ခွဲ၍ ဆောင်ရွက်ကြရန် မှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပုသိမ်တံတားတည်ဆောက်ရေးစီမံ လုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီ မှူးကြီး ဦးခင်မောင်ဝင်းက ပုသိမ်တံတား၏ တည်ဆောက်ရေးလုပ်ငန်း နှင့် ဆောင်ရွက်ပြီး လုပ်ငန်းအခြေအနေများ၊ ဆက်လက်ဆောင်ရွက် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြသည်။

မှာကြားဖြည့်ဆည်း

ဆက်လက်၍ ပုသိမ်တံတား၏ ချဉ်းကပ်လမ်းများကို တာဝ ဆောင်ရွက်လျက်ရှိသည့် လမ်းအထူးအဖွဲ့ (၂)မှ အင်ဂျင်နီယာမှူး ဦးကျော် က ကမ်းနှစ်ဖက်စလုံး၏ မြေကြီးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအ များ၊ ရေထုတ်ပြွန်များ၊ သစ်သားတံတားငယ် တည်ဆောက်ပြီး အခြေအနေများနှင့် ကျောက်ခင်းရန် ဆောင်ရွက်ထားရှိမှု၊ ကျောက် စုဆောင်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ် များကို မှာကြားဖြည့်ဆည်းပေးပြီး မရမ်းချောင်းဘက်ကမ်းရှိ လုပ်ငန်းပြီး များနှင့် ကမ်းနီဘက်ကမ်းသို့ ရေယာဉ်ဖြင့် သွားရောက်၍ လုပ်ငန်းပြီး အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပုသိမ်တံတားသည် ပုသိမ်–ရွှေမြင်တင်–ဝါးယားချောင်း ပေါ်တွင် ငဝန်မြစ်ကို မရမ်းချောင်းရွာနှင့် ကမ်းနီရွာတို့ကိုဖြ တည်ဆောက်နေခြင်းဖြစ်ပြီး ချောင်းသာကမ်းခြေ၊ သာပေါင်း၊ ငွေဆေ ကမ်းခြေတို့ကိုသွားရောက်နိုင်သည့် အဓိကတံတားတစ်စင်းဖြစ်သည် (သတင်း

ထူးခြားသည့် နေ့အပူချိန်များ

(၂၉–၄–၂၀၀၄)

မကွေးမြို့– ၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ ဒီဂရီဖာရင်ဟိုက

ရန်ကုန်မြို့– ၃၈ ဒီဂရီစင်တီဂရိတ် (၁၀၀ ဒီဂရီဖာရင်ဟိုက

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀–၄–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀ ၆။ အကပြိုင်ပွဲ
၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀ ၈။ စွန်ချောင်းရေလှောင်တမံ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ English For Everyday Use.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice in Reading.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၅း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသ ရိုးရာတေးသံသာ
၅း၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတ
၅း၄၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅း၅၀ ၉။ တေးဂီတအစီအစဉ်
၆း၀၅ ၁၀။ ကပ်တဲလ်ကြိုးတံတား
၆း၁၅ ၁၁။ Discovery.
၆း၃၀ ၁၂။ ညနေခင်းသတင်း
၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးနတ်မယ်" (အပိုင်း–**
၇း၃၀ ၁၅။ နှောင်းခေတ်တေးပဒေသ
၇း၄၀ ၁၆။ စစ်ကိုင်းတိုင်းမြို့မတံတာ
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း "အသည်းစားကြွေရုပ်" (အပိုင်း–၂) (လူမင်း၊စိုးမြတ်နန္ဒာ) (ဒါရိုက်တာ–ဟိန်းစိုး)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

သမထ ဝိပဿနာသင်တန်း ဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဧပြီ ၂၉

ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်တွင် ခုနစ်ရက်စခန်း သမထဝိပဿနာသင်တန်းကို မေ ၂ရက်မှစ၍ ညနေ ၅နာရီမှ ၆နာရီခွဲအထိ ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကို အနာဂါမ်ဆရာသက်ကြီးနည်းအရ ဒလအုံကြီးလယ်တီမူ ဓမ္မရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေက ဦးဆောင်ပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် မြစ်ကြီးနားမြို့ မြို့တော်ခန်းမတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

☆ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်မှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရက တာဝန်ယူ လုပ်ဆောင်ပေးရမည့် လုပ်ငန်းကြီးများကို လုပ်ကိုင်ပေးလျက်ရှိကြောင်း၊ ကချင်ပြည်နယ်တွင် ဗလမင်းထင်တံတား၊ ဆေးရုံများနှင့် တက္ကသိုလ် ကောလိပ်များအပြင် ဗန်းမော်နှင့် မိုးညှင်းဒေသများကို ဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့ နိုင်ငံတော်ကို စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုနိုင်ငံအဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ မိမိဒေသ ဝမ်းစာဖူလုံရေးအတွက် နွေစပါး၊ မိုးစပါး စိုက်ပျိုးကြရမည့်အပြင် ဆောင်းသီးနှံများ၊ ဆီထွက်သီးနှံများ၊ နှစ်ရှည်ပင်များ၊ ဒေသနှင့်ကိုက်ညီမည့် သီးနှံပင်များကို စိုက်ပျိုးကြရန် လိုကြောင်း။

ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် လိုကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ်၌ မြစ်ကြီးနား-ပူတာအိုလမ်း၊ မြစ်ကြီးနား-မိုးကောင်း- မိုးညှင်း-ရွှေဘိုလမ်း၊ ဖားကန့်-မိုးကောင်းလမ်း၊ မြစ်ကြီးနား-ဗန်းမော်၊ ငါးအို့-မန္တလေးလမ်းများ တိုးတက်ကောင်းမွန်ရန် အရှိန်အဟုန်ဖြင့် ဖောက်လုပ်ခြင်း၊ ပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေး

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းများတွင် လိုအပ်သည့် ဒေသများ၌ ဖွံ့ဖြိုးရေးဒေသကြီးများ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုတွင် ကျေးလက်ဒေသများလည်း မကျန်ရှိရလေအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

ယင်းဖွံ့ဖြိုးရေး လုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ကြသူများသည် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် စေတနာထားအပင်ပန်းခံ၍ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဗန်းမော်-မြစ်ကြီးနားလမ်း၏ (ဝိုင်းမော်-မြို့သစ်)လမ်းပိုင်းရှိ လမ်းနှင့်တံတားများကို ကြည့်ရှုစစ်ဆေးရန် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါ၍ မော်တော်ယာဉ်များဖြင့် မြစ်ကြီးနားမြို့မှ ထွက်ခွာလာပြီး ဝိုင်းမော်မြို့ သာဂရရပ်ကွက်အနီးရှိ ဂျပ်မင်တံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ နံနက် ၉နာရီခွဲတွင် ရောက်ရှိကာ တံတားတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ဝိုင်းမော်မြို့ လမ်းလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အား ဂျိတ်လင်းန် မြန်မာကုမ္ပဏီလီမိတက် လမ်းတံတားကော်မတီ အတွင်းရေးမှူး ဦးဒီဇော်အိန်နှင့် စီမံကိန်းအင်ဂျင်နီယာ ဦးတင်မြင့်တို့က ဗန်းမော်-မြစ်ကြီးနားလမ်း တိုးတက်ပြုပြင် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး မန္တလေး-ဗန်းမော်-မြစ်ကြီးနားခရီး နေ့ချင်းရောက် သွားလာနိုင်သည်အထိ လမ်းများကောင်းမွန်အောင် ဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာပြီး အောင်မြေ(၁) တံတား တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မိုင်တိုင်အမှတ် ၄၅၄ မိုင်လေးဖာလုံနှင့် ၄၅၅မိုင် အကြားရှိ တံတားအမှတ်(၃) တည်ဆောက်ရေးနှင့် မြေကြီးလုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ၁၉၉၉ခုနှစ် ဖေဖော်ဝါရီ ၁ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး မေ ၁၄ရက်တွင် ဆောက်လုပ်ပြီးစီးကာ ဩဂုတ် ၁၅ရက်တွင် ဖွင့်လှစ်ခဲ့သည့် မလိယန်တံတားကို ကြည့်ရှုစစ်ဆေးပြီး တံတား၏ ကြံ့ခိုင်မှုနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

အသစ်ဖောက်လုပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကန်တော်ယန်ကျေးရွာအနီး၌ မူလက ဖောက်လုပ်ခဲ့သော လမ်းသည်အတက်အဆင်း မြင့်မားမှုကြောင့် အတက်အဆင်း ပြေပြစ်စွာ အသစ်ဖောက်လုပ်ခဲ့သော လမ်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကန်တော်ယန်ကျေးရွာ၌ ကျောက်ချောလမ်း ခင်းထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ အဆိုပါ ကျောက်ချောလမ်းကို ကန်တော်ယန်ကျေးရွာမှစ၍ လဂျားယန်ကျေးရွာအထိ ၂၄မိုင် ခင်းထားပြီးဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မိုင်တိုင်အမှတ် ၄၃၈/၀ ရှိ ခါလားယန်ကျေးရွာမှ စတင်၍ နမ်ဆန်းယန်ကျေးရွာတို့ကို ဖြတ်သန်းကာ ကျောက်ချောလမ်း ခင်းထားမှုကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး လဂျားယန်ကျေးရွာသို့ ရောက်ရှိရာ ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးနွယ်၊ စစ်ဗျူဟာမှူးဗိုလ်မှူးကြီး အောင်ငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် လဂျားယန်ကျေးရွာမှ ဆက်လက်ထွက်ခွာလာပြီး တံတားအရှည် ၃၂၅ပေရှိ မိုးလဲတံတား ကြံ့ခိုင်မှုနှင့် ရေစီး၊ ရေလာ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မိုင်တိုင်အမှတ် ၄၃၈ ၌ စက်ယန္တရားဖြင့် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တုံခုန်းကျေးရွာအနီး၌ ကုလားတောင် ရောင်ကွင်းလမ်း ဖောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ကုလားတောင် ရောင်ကွင်းလမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့သို့ ညနေ ၃နာရီခွဲ တွင် ရောက်ရှိကြရာ ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသောင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဒေါ့ဖုန်းယန်မြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများအား တွေ့ဆုံမှာကြားရာ ရေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမြင့်နှင့် ဒေါ့ဖုန်းယန်မြို့ အုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းတို့က ဒေါ့ဖုန်းယန်မြို့ တည်နေရာ၊ အကျယ်အဝန်း၊ ရာသီဥတု၊ မြေအသုံးချမှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာတာဝန်ခံများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က နိုင်ငံတော်တစ်ဝန်းလုံး မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်နေရာများ၌ ဖွံ့ဖြိုးရေးဒေသကြီးများဖွဲ့စည်း၍ထပ်မံဖြည့်ဆည်းပြီး လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဗန်းမော်ဒေသအနေဖြင့်လည်း ဖွံ့ဖြိုးရေးဒေသကြီး တစ်ခုအပါအဝင်ဖြစ်ကြောင်း။

ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ယူဆောင်ရွက်နေကြသည့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာထား၍ ကြိုးစားလုပ်ကိုင်သွားကြစေလိုကြောင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ဝန်ထမ်းများကလည်း ကျေးလက်ဒေသများသို့ မကြာခဏ သွားရောက်ပြီး လိုအပ်ချက်များကို ကူညီပံ့ပိုး ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဒေါ့ဖုန်းယန်မြို့ရှိ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ဒေါ့ဖုန်းယန်မြို့ အခြေခံပညာ အထက်တန်း ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဒေါ့ဖုန်းယန်မြို့ ပြည်သူ့ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်း ဆောက်လုပ်မည့်မြေနေရာရွေးချယ် ထားရှိသည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ဒေါ့ဖုန်းယန် ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တ နန္ဒမာအား သွားရောက်ဖူးမြော် ကြည်ညိုပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဒေါ့ဖုန်းယန်ရဲတပ်ဖွဲ့စခန်းကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဒေါ့ဖုန်းယန်မြို့မှ ဆက်လက်ထွက်ခွာလာပြီး မြို့သစ်သို့ ရောက်ရှိကာ ညအိပ်ရပ်နားကြ သည်။ (သတင်းစဉ်)

မြန်မာတုန်းတာ ကုန်စည်ပြပွဲ - ၂၀၀၄ ရန်ကုန် ကုန်သွယ်မှုဇဟိုဌာန၌ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာတုန်းတာ ကုန်စည်ပြပွဲ ၂၀၀၄ (Myanmar Tong Tah Trade Fair 2004) ကို မေ ၁၉ရက်မှ ၂၃ရက်အထိ ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှုဇဟိုဌာန၌ ကျင်းပမည်ဖြစ်သည်။

ရောင်းချမည်

အဆိုပါပြပွဲကို ပြည်တွင်း ပြည်ပကုမ္ပဏီများမှ တင်သွင်းရောင်းချသော အထည်အလိပ်၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ စက္ကူစာရေးကိရိယာ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း၊ စက်ကိရိယာပစ္စည်းတို့အပြင် Pentel, Carl, Max, Midori, Sam Wang , Tae Yang, Hello Kitty, Comix, Helix, Panaco အမှတ်တံဆိပ် ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာများ၊ My Shaldan, (Daily Fresh) ARS, Kobayashi အမှတ်တံဆိပ် ကား၊ အိမ်ခန်းသုံး၊ ရေချိုးခန်းသုံး ရေမွှေးများ၊ Oriental Koshin အမှတ်တံဆိပ် လယ်ယာစိုက်ပျိုးရေးသုံး ရေစုပ်ပန့်များ၊ Makita, Maktec အမှတ်တံဆိပ်လက်သမားသုံး ပစ္စည်းများ၊ Turtle Wax, Soft 99 အမှတ်တံဆိပ် ကားပေါ်လစ်များ၊ WD-40 အမှတ်တံဆိပ် သံချေးချွတ်ဆေးများ၊ Granja, Kaaz အမှတ်တံဆိပ် မြက်ရိတ်စက်များ၊ V-Tech, Oci, Orgafix အမှတ်တံဆိပ်ကော်များ၊ Stihl, Oleomac တံဆိပ် သစ်ဖြတ်စက်များ၊ Ercolina အမှတ်တံဆိပ် အလူမီနီယံ လှေကားများ၊ Yamaha အမှတ်တံဆိပ်မီးစက်များ၊ Sanwa အမှတ်တံဆိပ် Multitester အမျိုးမျိုး၊ အင်ဂျင်အမျိုးမျိုးတို့ကို ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲများ၊ တေးဂီတ ဖျော်ဖြေပွဲများဖြင့် ကျင်းပမည်ဖြစ်သည်။ စက်မှုဇုန်များမှ ထုတ်လုပ်သော မော်တော်ကားများကိုလည်း ခင်းကျင်းပြသရောင်းချသွားမည့်အပြင် တုန်းတာကုမ္ပဏီပြခန်းများတွင် ကုန်ပစ္စည်းများကို ၁၀ရာခိုင်နှုန်းလျှော့၍ အထူးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ပါဝင်ပြသလိုသော ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များသည် ဖုန်း-၂၉၅၆၁၃နှင့် ၂၉၈၁၂၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မေ ၂၂ရက် ကျင်းပမည်

ရန်ကုန် မေ ၂၉

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၃၆၆ ခုနှစ် နယုန်လဆန်း ၄ရက်၊ မေ ၂၂ရက် (စနေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဘွဲ့နှင်းခမ်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပင့်သံဃာတော်များနှင့် ယခုနှစ်တွင် ပြန်ဆိုရေးဖြေ အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ နှစ်ပါး၊ တိပိဋကဓရ တစ်ပါး၊ မူလအဘိဓမ္မ ကောဝိဒ နှစ်ပါး၊ ဒီဃဘာဏက ငါးပါး၊ ဝိနယကောဝိဒ ကိုးပါး၊ ဝိနယဓရ ၁၆ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ လေးပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၃ပါး စုစုပေါင်း စာအောင်သံဃာ ၈၂ပါး အပါအဝင် ပင့်သံဃာ ၂၁၂ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော် လှူဒါန်းမည်ဖြစ်သဖြင့် ကြွရောက်ကြည်ညိုကြပါရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကြိုတင်၍ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းလှ ဖုန်း-၆၆၀၇၆၆ ထံတွင် လည်းကောင်း၊ ဧပြီ ၂၆ရက်မှ မေ ၂၁ရက်အထိ ဝိဇယမင်္ဂလာ ဓမ္မသဘင်အနောက်ဘက် အလှူခံမဏ္ဍပ်တွင်လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးသာ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကော်မရှင် နှစ်ပတ်လည်အစည်းအဝေးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟဲမြို့၌ ကျင်းပသည့် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ အကြိမ်(၆၀) နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့်အဖွဲ့ဝင်များအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles James Petrie နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီ တာဝန်ခံ Mr. Yu Borenတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီး ဦးစိုးသာနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မျိုးနွယ်၊ ဗဟို စာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆောင်းတင်နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်လဲ့လဲ့သိန်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ

လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

ရန်ကုန် ဧပြီ ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်းအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ရင်ခွင်သို့တစ်ဦးချင်းမှအစအစုအဖွဲ့လိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလနှင့်မတ်လအတွင်း–

တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေတွင် အက်စ်ယူအာရ်အေတောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား အိုက်ကွေ့နှင့်အိုက်ခမ်းတို့သည် အမ်(၂၂) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ကာဘိုင်တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည် ၁၅တောင့်တို့ဖြင့်လည်းကောင်း၊ တပ်သား အိုက်ကမ်းသည် အမ်(၂၁) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည် ငါးတောင့်တို့ဖြင့် လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာရ်အေတောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ(၇၅၉) ရင်း(၂၄၁)မှတပ်ကြပ်အဆင့်ရှိ အိုက်စွမ်းသည် အမ်(၂၂)မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၂၈တောင့်တို့ဖြင့် လည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် အေအယ်လ်ပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ ကိုနိုင် (ခေါ်)နဒီသည် အေကေ-၄၇မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည် ၃၅တောင့်တို့ဖြင့် လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် စီအင်န်အေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား ထန်ကိန်း၊ အင်အုပ်နှင့်တန်ကျဲအိုတို့သည်လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ဗကပ တောတွင်းလက်နက်ကိုင် အဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိ အေးထွေးသည် လည်းကောင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင် အဖွဲ့မှ တပ်သား စောကဖောနှင့် ချနော့တို့သည် ကာဘိုင်တစ်လက်၊ အမ်(၂၂) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အမ်(၇၉) လောင်ချာတစ်လက်၊ ကျည်အိမ်မျိုးစုံ နှစ်ခု၊ ကျည်မျိုးစုံအတောင့် ၄၀၊ ဗုံးသီး ငါးလုံးတို့ဖြင့်လည်းကောင်း၊ မွန်ခွဲထွက် တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဒုဗိုလ်အဆင့်ရှိ အောင်မြင့်၊ ဒုတပ်ကြပ်အဆင့်ရှိ အပလိုင်၊ တပ်သား အောင်ခိုင်နှင့် အောင်မြင့်တို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ ခြောက်လုံးပြူးတစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည်အတောင့် ၄၀တို့ဖြင့် လည်းကောင်း၊ တပ်စုမှူးအဆင့်ရှိ ဟာလယ်သည် ခြောက်လုံးပြူးတစ်လက်၊ ၎င်းကျည်တစ်တောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ လမ်းလျှောက်စကားပြောစက် တစ်လုံးတို့ဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့ စည်းရုံးရေးတပ်ခွဲမှ တပ်သား စောမာတင်းနှင့်ဇနီးမအေးချိုတို့သည် အမ်-၁၆မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ်ငါးခု၊ ၎င်းကျည် အတောင့် ၉၀၊ နင်းမိုင်းသုံးလုံးတို့ဖြင့်လည်းကောင်း၊ အုပ်ချုပ်ရေးအဖွဲ့မှ တပ်သားမျိုးလွင်သည် လက်ပစ်ဗုံး တစ်လုံးဖြင့်လည်းကောင်း၊ တပ်မဟာ(၄) တိုက်ခိုက်ရေးတပ်ခွဲမှ တပ်သား စောဘော်ဝင်၊ စောစတာဒေး၊ စောဒါဘာ၊ စောအော်မူး၊ စောကာသဲနှင့် ဦးတာပွန်တို့သည် လည်းကောင်း၊ တပ်မဟာ(၄) ဌာနချုပ်မှ ဗိုလ်ကြီးအဆင့်ရှိ ဒေးဒေး၊ ဒုဗိုလ်အဆင့်ရှိ စောထူးထူးနှင့် စောခွားခွား၊ တပ်ကြပ်ကြီးအဆင့်ရှိ ကယ်လင်းနှင့် စောလင်းချစ်၊ တပ်သား ဉာဏ်တင်၊ စောဒါးနှင့် ကျော်ဝင်းတို့သည် အမ်-၁၆မောင်းပြန်ရိုင်ဖယ်တစ်လက် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်မျိုးစုံနှစ်ခု၊ ကျည်မျိုးစုံ ၄၂တောင့်တို့ဖြင့် လည်းကောင်း၊ တပ်သား သန်းဝင်း၊စောအေးနှင့် စောအေးမြင့်တို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၄တောင့်တို့ဖြင့်လည်းကောင်း၊ တပ်မဟာ(၄) ရင်း(၁၀)မှ ဒုအရာခံဗိုလ်အဆင့်ရှိ စောကာသဲနှင့်စောကပေါ၊ တပ်ကြပ်ကြီးအဆင့်ရှိ ချာခွီး၊ တပ်သား မောင်မောင်နှင့် စောလယ်စားတို့သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ် သုံးလက်၊ အမ်အေ-၃မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၃ခု၊ ကျည်မျိုးစုံအတောင့် ၁၄၀၊ မိုင်းရှစ်လုံးတို့ဖြင့်လည်းကောင်း၊ အင်န်ဒီအေတောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သားစိုးထိုက်နှင့်ဇနီး မသူဇာအေး၊ သမီးမချိုလွင်ထူး၊ တပ်သား မြစ်လေးအောင်နှင့်ဇနီးမဝင်းကြည်၊ သားစိုးနိုင်ဝင်းနှင့် မိခင်ဒေါ်လှ၊ နယ်မြေခံ ရွာသားဦးသန်းဝင်းနှင့်ဇနီး မနုအေး၊ သားမောင်ထွန်း၊ အစ်မ မနုရီနှင့်တူမ မအေးအေး၊ နယ်မြေခံ ရွာသား ဦးထွန်းအောင်တို့သည် အမ်-၁ တစ်လက်၊ ၎င်းကျည် ၁၀တောင့်၊ လက်ပစ်ဗုံးနှစ်လုံးတို့ဖြင့်လည်းကောင်း အသီးသီး လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

လှိုက်လှဲပျူငှာစွာ

အဆိုပါရက်များအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ် ဝင်ရောက်ခဲ့ကြသူ ၅၄ဦးကို သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ရှိနေသေးသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

မီးသတ်တပ်ဖွဲ့ ကျင့်ဝတ်စာမေးပွဲ ဗဟိုအဆင့်ယှဉ်ပြိုင်ဖြေဆိုခြင်းအား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ အရာရှိအဆင့်၊ အကြပ်အဆင့်၊ အခြားအဆင့် ယှဉ်ပြိုင်ဖြေဆိုသည့်နေရာများသို့ လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ (မီးသတ်ဦးစီး)

မီးသတ်တပ်ဖွဲ့ကျင့်ဝတ်စာမေးပွဲ ဗဟိုအဆင့်ယှဉ်ပြိုင်ဖြေဆို

ရန်ကုန် ဧပြီ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်တပ်ဖွဲ့ ကျင့်ဝတ်စာမေးပွဲ ဗဟိုအဆင့် ယှဉ်ပြိုင်ဖြေဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် မီးသတ်သင်တန်းကျောင်း၌ကျင်းပသည်။

မီးသတ်တပ်ဖွဲ့ကျင့်ဝတ် ဗဟိုအဆင့် ယှဉ်ပြိုင်ဖြေဆိုပွဲသို့ မီးသတ်ဦးစီးဌာန ချုပ်၊ ဗဟိုမီးသတ် သင်တန်းကျောင်းနှင့် ပြည်နယ်/တိုင်း မီးသတ်ဦးစီးဌာနများမှ အရာရှိအဆင့် ၁၆ဦး၊ အကြပ်အဆင့် ၁၇ဦး၊ အခြားအဆင့် ၁၇ဦး စုစုပေါင်း ၅၀တို့ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြပြီး ပထမ၊ဒုတိယ၊တတိယ ဆုရရှိသူများအား မေ ၅ရက်တွင် ကျရောက်မည့် (၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် ဆုများချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

မတ်လအတွင်း မီးလောင်မှု (၁၅၇)ကြိမ်ဖြစ်ပွား

ရန်ကုန် ဧပြီ ၂၉

၂၀၀၄ခုနှစ် မတ်လအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု (၁၅၇)ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုငွေကျပ် ၉၄ ဒသမ ၇၂ သန်းဖိုး ခန့်ဆုံးရှုံးသည်။

ယခုအခါ နိုင်ငံတော်တစ်ဝန်းလုံးတွင် ပွင့်လင်းခြောက်သွေ့သော နွေရာသီသို့ ကူးပြောင်းလာသည့်အတွက် အပူရှိန်ပိုမိုလာကာ မီးလောင်မှုများ ဖြစ်ပွားလာနိုင်သောကြောင့် သက်ဆိုင်ရာ ပြည်နယ်/ တိုင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးများက မိမိတို့ တာဝန်ယူ ဆောင်ရွက်ရသော နယ်မြေဒေသအလိုက် ညှိနှိုင်းရေးဆွဲထားသည့် မီးဘေးလုံခြုံရေးစီမံချက်များအတိုင်း အရှိန်အဟုန်မပျက် မီးသတိမူရေး ဆောင်ရွက်ကြရန်နှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာတရားပွဲ

ရန်ကုန် ဧပြီ ၂၉

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (ဒလ-အုံ့ကြီး) က ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံတွင် မေ၁ရက်မှ၇ရက်အထိ ညစဉ် ၆နာရီခွဲမှ ၈နာရီအထိ လည်းကောင်း၊ ခုနစ်ရက်တရားစခန်းအဖြစ် ကလောမြို့ အမှတ်(၁)ရပ်ကွက်၊ သိမ်တောင်ကျောင်းတိုက်၌ ပဓာနနာယကဆရာတော်ဦးဇဝန၏ ဩဝါဒကို ခံယူလျက် မေ၁၀ရက်မှ ၁၆ရက်အထိလည်းကောင်း၊ ကလောမြို့ မြို့မကျောင်းတိုက်တွင်လည်း ညစဉ်ညနေ ၆နာရီမှ ၇နာရီခွဲအထိ လည်းကောင်း ကိုယ်တွေ့ဉာဏ်မြင်ဟောပြောပို့ချမည်ဖြစ်ရာမည်သူမဆိုလာရောက်အားထုတ်နိုင်ကြောင်းသိရသည်။ (က-ပ)

ဂန့်ဂေါမြို့နယ် ကျောကျေးရွာအုပ်စုရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဧပြီ ၂ရက်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးမြင့်သန်းက ကျောကျေးရွာအုပ်စုနှင့် ကျောအထကမှ ကျောင်းသားကျောင်းသူ ၄၂၇ဦးအတွက် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ပေးအပ်စဉ်။ (က-ပ)

မီးသုံးစွဲလျှင် အသိယှဉ်၊ အစဉ်သတိအမြဲရှိ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မှော်ဘီမြို့နယ်ရှိ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန၌ ကျင်းပသည့် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(ထ-ပ-ဆ)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၉

၂၀၀၄ ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းအဆင့် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ပိုစတာပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းရဲတပ်ဖွဲ့မှူး၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်က လုပ်ငန်း ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်း ကော်မတီဝင်များ ဖြစ်ကြသော မြန်မာနိုင်င ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)၊ ကွန်ပျူတာတက္ကသိုလ်(ရန်ကုန်)၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ မူးယစ်ဗဟိုဌာနနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြိုင်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား မေ ၅ရက်မှ ၁၂ရက်အတွင်း ပြိုင်ပွဲဝင် ပုံစံများကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး၌ ထုတ်ယူရမည်ဖြစ်ပြီး ၎င်းပုံစံများကို ဖြည့်စွက်ပြီးပါက မေ ၁၃ ရက်မှ ၁၉ ရက်အတွင်း ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

၂၀၀၄ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်း ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီနှင့်ကွန်ပျူတာ Digital Poster ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ကာတွန်းပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို မေ ၂၅ရက်နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် မူးယစ်ပြတိုက်၌လည်းကောင်း၊ ပိုစတာပြိုင်ပွဲကို မေ ၂၆ရက် နံနက်ပိုင်းတွင် မူးယစ်ပြတိုက်၌လည်းကောင်း ပြုလုပ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက် ၁၀နှစ်အောက်၊ အသက် ၁၀နှစ်မှ ၁၅နှစ်အောက်၊ အသက် ၁၅နှစ်မှ ၂၀နှစ်အောက်နှင့် အသက် ၂၀နှစ်အထက်ဟူ၍ ပြိုင်ပွဲအဆင့်များ ခွဲခြားထားသည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၂၂ရက်နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်၌ ပြုလုပ်သွားမည်ဖြစ်ပြီး အလယ်တန်း ၅၊၆၊၇နှင့် အထက်တန်း ၈၊၉၊၁၀ ဟူ၍ ခွဲခြားကျင်းပသွားမည်ဖြစ်သည်။

ကွန်ပျူတာ Digital Poster ပြိုင်ပွဲကို အသက် ၁၅နှစ်အထက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး မိမိရေးဆွဲထားသည့် Floppy Diskနှစ်ချပ်ကူး၍ ပြိုင်ပွဲပုံစံနှင့်အတူ ကြီးကြပ်ရေးအဖွဲ့ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ မေ ၂၅ရက်အရောက် ပေးပို့ရန်ဖြစ်သည်။

ပြိုင်ပွဲဝင်လျှောက်လွှာပုံစံများကို မေ ၁၃ရက်မှ ၁၉ရက်အထိ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ကျောက်တံတားမြို့နယ် ဘဏ်လမ်းစုပေါင်းရုံး (မြေညီထပ်)ရှိ တကယ့်ဖြစ်ရပ်မှန်မှုခင်းဂျာနယ်ရုံး၌ လက်ခံမည်ဖြစ်ရာ အချိန်မီလူကိုယ်တိုင် လာရောက်ပေးပို့ကြရန်ဖြစ်သည်။

လျှောက်လွှာတင်သွင်းသည့်နေ့တွင် ပြိုင်ပွဲဝင်များအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကတ်ပြားကိုလည်း ထုတ်ပေးမည်ဖြစ်သည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲဝင်သူများ အနေဖြင့် ကြိုတင်လေ့လာနိုင်ရန် မေ ၂၁ရက်နံနက် ၈နာရီတွင် ကွန်ပျူတာတက္ကသိုလ်သို့ လာရောက်သတင်းပို့ရန်ဖြစ်သည်။

(သတင်းစဉ်)



မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအား ဂုဏ်ပြုသောအားဖြင့် စာရေးဆရာ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)က ငွေကျပ်၅၀၀၀၀၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဘဏ္ဍာငွေ ရှာဖွေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က လက်ခံစဉ်။

(သတင်းစဉ်)



အင်းစိန်မြို့နယ် ရွာသစ်အရှေ့ အောင်ဆန်းရပ် အမှတ် ၅၄၃ နေ ဦးထွန်းရှင်၏ (၇၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အထွေထွေ ပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ဧပြီ ၁၉ရက်က ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

✧ **ပဲခူးရိုးမမှ**

ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သဘာဝ ကျွန်းတောထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခြင်း၊ သစ်တောသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သစ်တောသယံဇာတပေါကြွယ်ဝသော နိုင်ငံဖြစ်ကြောင်း၊ အထူးသဖြင့် ပဲခူးရိုးမဒေသသည် ကမ္ဘာပေါ်တွင် အဖိုးတန်ကျွန်းနှင့် သစ်မာများထွက်ရှိရာ ဒေသဖြစ်ကြောင်း၊ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် သစ်တောများကို စနစ်တကျ စီမံထိန်းသိမ်းစောင့်ရှောက်မှုပြုလုပ်ခဲ့သော်လည်း ယခုအခါ လူဦးရေတိုးပွားများပြားလာခြင်း၊ သစ်၊ ထင်း၊ မီးသွေးစသည်တို့ကို စည်းကမ်းမဲ့ ခုတ်ယူသုံးစွဲမှုများ၊ တရားမဝင်သစ်ခိုးထုတ်မှုများကြောင့် သစ်တောများ ပြုန်းတီးလာပြီး သဘာဝဝန်းကျင်ကို ထိခိုက်လာမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းရန် ဆည်တာတမံကြီးများ တည်ဆောက်ပေးထားရာ ရေဝေရေလဲသစ်တောများ ထိန်းသိမ်းရန်လိုကြောင်း။

စနစ်တကျထုတ်ယူ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင်များ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်မှာကြားချက်အရ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်သူလူထုက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လာကြရန်နှင့် သစ်တောသစ်ပင်ခုတ်ယူထုတ်လုပ်မှုကို စနစ်တကျ ထုတ်ယူသုံးစွဲတတ်ရန်အတွက် မှာကြားသည်။

ထို့နောက် အစည်းအဝေးအစီအစဉ်ပထမပိုင်းကို ခေတ္တရပ်နားပြီး အစည်းအဝေးအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

တတိယအကြိမ် စာပေညီလာခံဂုဏ်ပြု အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ၂၀၀၄ခုနှစ် မေလတွင် ကျင်းပမည့် တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့်အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအလှူငွေပေးအပ်ပွဲသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးစိုးရှိန် (မောင်စိုးထိုက်– သုံးဆယ်)နှင့် ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးကျော်ညွန့် (ကျော်ညွန့်ရည်)–ဒေါ်ဝါဝါကျော်တို့က ငွေကျပ် ၅၀၀၀၀၀၊ စာရေးဆရာ မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)က ငွေကျပ် ၅၀၀၀၀၀၊ တေးသံရှင် မောင်မောင်အေး (အလင်္ကာဝတ်ရည်) စာရေးဆရာ မောင်ဟေမာက ငွေကျပ် ၃၀၀၀၀၀၊ မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ သီရိသုဓမ္မသိင်္ဂီ (လူမှုထူးချွန် ပထမဆင့်) ဒေါ်မိမိခင်က ငွေကျပ် ၁၀၀၀၀၀၊ ဦးဝင်းဆွေ (WYZ, Co.)– ဒေါက်တာရီရီလှ (စာရေးဆရာမ ယုဝတီခင်ဦး) တို့က ငွေကျပ်၁၀၀၀၀၀၊ ဦးသိန်းထွန်း (ထွန်းဖောင်ဒေးရှင်း)က ငွေကျပ် ၁၀၀၀၀၀၊ ဦးမောင်မောင်မြင့်အေး (လာဘ်မိုးဆွေ–စာပေ)က ဒုတိယအကြိမ် ငွေကျပ်၂၀၀၀၀၀တန်ဖိုးရှိ သုတ/ရသ စာအုပ် ၁၀၀တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ) က လက်ခံပြီး ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ၊ လှူဒါန်းလိုပါက ရန်ကုန်မြို့ အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့် (၃၇) လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ် ဖုန်း–၂၅၄၁၇၃နှင့်၂၅၂၄၁၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

မြန်မာ့လက်မှုအနုပညာနှင့် အမှတ်တရပစ္စည်း ထုတ်လုပ်ရောင်းချရေးညှိနှိုင်းအစည်းအဝေးကျင်းပ

အမှာစကားပြောကြား

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မြန်မာ့လက်မှု အနုပညာနှင့် အမှတ်တရ ပစ္စည်း ထုတ်လုပ် ရောင်းချရေး အစည်း အဝေးတွင် အမှာစကားပြောကြားစဉ်။ (သမဝါယမ)

ရန်ကုန် ဧပြီ ၂၉

မြန်မာ့လက်မှုအနုပညာနှင့် အမှတ်တရပစ္စည်း ထုတ်လုပ်ရောင်းချရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၇ ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်တရပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဗဟိုသမဝါယမ အသင်း ဥက္ကဋ္ဌ၊ စက်မှုလက်မှုကုန်ထုတ် သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အထွေထွေစီးပွားရေး အသင်းစုချုပ် ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ အမှတ်တရပစ္စည်း ထုတ်လုပ်ရောင်းချသော သမဝါယမအသင်းများမှ ပုဂ္ဂလိက လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တိုးချဲ့ထုတ်လုပ်

အစည်းအဝေးတွင် အမှတ်တရပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကား ပြောကြားရာတွင် မြန်မာ့လက်မှု အနုပညာပစ္စည်းများ ဈေးကွက်ဝင် အဆင့်မီ တိုးချဲ့ထုတ်လုပ်ရေး၊ သမဝါယမ အသင်းများ၊ ထုတ်လုပ်သူများ ကိုယ်တိုင်ထုတ်လုပ်သော ပစ္စည်းများကို ဈေးကွက်သို့ အရောက်ပို့ရောင်းချနိုင်ရေး၊ သွင်းကုန်အစားထိုး ပစ္စည်းထုတ်လုပ်ရေး၊ နိုင်ငံခြားသားများ စိတ်ကြိုက်အမှတ်တရ ပစ္စည်းများ ဝယ်ယူနိုင်ရေးကို ညှိနှိုင်းဆွေးနွေး အကြံပြုပေးရန်ဖြစ်ကြောင်း၊ ပြည်ပက လိုအပ်သည့် ပစ္စည်းများကို အရည်အသွေးမီ ထုတ်လုပ်ပြီး ပြည်ပနိုင်ငံသို့ အရောက်ပို့နိုင်ရေးကိုလည်း စီစဉ်သွားရန် ဖြစ်ကြောင်း၊ လက်မှုအနုပညာပစ္စည်း ဈေးကွက်မြှင့်တင်ရေးညှိနှိုင်းမှုအဖွဲ့ကို ဖွဲ့စည်းခြင်းနှင့် သမဝါယမအသင်းသစ် တိုးချဲ့ဖွဲ့စည်းရေး တို့ကို စည်းရုံးညှိနှိုင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း မှာကြားသည်။

ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်နယ်နှင့် တိုင်း ဒုတိယ ညွှန်ကြားရေးမှူးများ၊ သမဝါယမအသင်း ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးချက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တရားစခန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဂိုအင်ကါ၏ ဓမ္မဇောတိ ဝိပဿနာရိပ်သာတွင် မေ ၆ ရက်မှ ၁၇ ရက်ထိ သံဃာတော်များအတွက် ဆယ်ရက် တရားပတ်ဖွင့်မည် ဖြစ်သည်။ ဆယ်ရက်တရားပတ်သုံးကြိမ် အားထုတ်ပြီးသော သံဃာတော်များအတွက် မဟာသတိပဋ္ဌာန် တရားပတ်ကို မေ ၁၉ ရက်မှ ၂၇ရက်ထိ ကျင်းပသွားမည်ဖြစ်ရာ ဖုန်း-၅၄၉၂၉၀နှင့် ၅၄၆၆၆၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက် (၂)

ဆေးရုံသို့ အမြန်ပြသပါ။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကာရန်အလွဲဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၂၉

ယခုသောကြာပတ်တွင် မိုးကောင်းကင်ရုပ်ရှင်မှ ဒါရိုက်တာခင်မောင်ဦး-စိုးသိမ်းထွဋ်ရိုက်ကူး၍ ဒွေး၊ ဇာဂနာ၊ စိုးမြတ်သူဇာနှင့် နန္ဒာလှိုင်တို့ သရုပ်ဆောင်သည့် **ကာရန်အလွဲ**ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဒုတိယပတ် ဆက်လက်တင်ဆက်ပြသနေသည်။

အက်ရှင်ဇာတ်ကား

လွန်ခဲ့သော ခရစ်နှစ် ၁၈၇၆ ခုနှစ် ဂျပန်နိုင်ငံဧကရာဇ်မေဂျီလက်ထက်ကို နောက်ခံထား၍ သူရဲကောင်း ဆာမူရိုင်းများ၏ ဓားရေး၊ လှံရေးအစွမ်းထက်ပုံကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် THE LAST SAMURAI အက်ရှင်ဇာတ်ကား ရွှေဆောင်၊ နေပြည်တော်ရုံများတွင် ဆက်လက်ပြသနေသည်။

အိန္ဒိယဇာတ်ကားသစ်

ယခုသောကြာပတ်တွင် ဘုရင်ရုံ၌ ရှရွတ်ခန်နှင့် ရာနီမူကာဂျီတို့ ပါဝင်သော အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကားသစ် CHALTE CHALTE ဇာတ်ကားရုံတင်ပြသလာသည်။ ချစ်သူနှစ်ဦးတို့၏ ကြည်နူးဖွယ်ဇာတ်လမ်းကို အေသင်မြို့ရှုခင်းအလှများကို နောက်ခံထားရိုက်ကူးထားသည်။

အတ္တပင်လယ် အဆင့်မြင့်ဗီဒီယိုဇာတ်ကားမှ ရာဇာနေဝင်း၏ဟန်။

အတ္တပင်လယ်

ရွှေဂုန်ရုံတွင် ဇမ္ဗူတလူဗီဒီယိုမှ ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူး၍ ကျော်သူ၊ ရာဇာနေဝင်း၊ မေသဉ္ဇာဦးနှင့် ခိုင်နှင်းဝေတို့ သရုပ်ဆောင်သည့် မေတ္တာသရုပ်ဖော် ဇာတ်ကားဖြစ်သော **အတ္တပင်လယ်**အဆင့်မြင့် ဗီဒီယိုဇာတ်ကား တင်ဆက်ပြသနေသည်။ ရွှေမန်း၊ သီတာရုံများတွင်လည်း တစ်ပြိုင်တည်း ပြသနေသည်။

မြို့မ

မြို့မရုံတွင် အချစ်အက်ရှင် အိန္ဒိယဇာတ်ကားဖြစ်သည့် TALAASH အမည်ရှိ ဇာတ်ကားရုံတင် ပြသနေသည်။ အရှစ်ကူမား၊ ကာရီနာကပူးတို့ ယှဉ်ပြိုင်သရုပ်ဆောင်ထားကြသည်။

သည်းထိတ်ရင်ဖိုဇာတ်ကား

ဆုထူးပန်ရုံတွင် INTERNATIONAL KHILADI အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသနေသည်။ လောင်းကစားသမား လောကကို နောက်ခံပြု၍ သည်းထိတ်ရင်ဖိုဇာတ်ကားအဖြစ် ရိုက်ကူးထားသည်။

အကယ်ဒမီ ၁၀ ဆုရ ဇာတ်ကား

ဆက်လက်၍ ရှရွတ်ခန်နှင့် ကာဂျိုးတို့ ပါဝင်သော DILWALE DULHANIALE JAYENGE အမည်ရှိ အိန္ဒိယအကယ်ဒမီ ၁၀ ဆုရ အချစ်ဇာတ်ဆန်း ရတနာပုံရုံ၌ ပြသနေသည်။

(ကြေးမုံ)

ကာရန်အလွဲ

ကာရန်အလွဲ ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

TALAASH အိန္ဒိယဇာတ်ကားမှ သည်းထိတ်ရင်ဖိုလှုပ်ရှားဟန်။

ချစ်လူမိုက် ဇာတ်ကားသစ် ရုံတင်မည်

ရန်ကုန် ဧပြီ ၂၉

လာမည့် သောကြာပတ်တွင် လူစွမ်းကောင်းရုပ်ရှင်မှ ခင်မောင်ဦး-စိုးသိမ်းထွဋ် ရိုက်ကူးသော **ချစ်လူမိုက်**ဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်သည်။ ချစ်လူမိုက်ဇာတ်ကားတွင် လွင်မိုး၊ ရာဇာနေဝင်းနှင့် နန္ဒာလှိုင်တို့ သရုပ်ဆောင်ကြသည်။

(ကြေးမုံ)

လက်ထပ်ပြီးစီးခြင်း

သုဝဏ္ဏမြို့ ရေနံ့သာလမ်း ပုလဲလမ်းသွယ် အမှတ်၈၅/၃နေ
(ဦးတင်အုံး၊ တိုင်းမန်နေဂျာ–ငြိမ်း) M.S.L.E –(ဒေါ်အေးမြင့်)တို့၏သား
မောင်သက်ခိုင် B.Com.A.C.C.A Part(II)
Total Exploration & Production Myanmar
နှင့်
သုဝဏ္ဏမြို့ လုံးချင်းအိမ်ရာ ခွန်နီလမ်းသွယ် အမှတ် ၈၃နေ
ဦးထွန်းစံ Chief Officer (GEWIN Maritime)–(ဒေါ်သိန်းမေ)တို့၏
တစ်ဦးတည်းသော သမီး
မဇင်မာထွန်း M.Sc,Part(I) (Zoology),Dagon University

တို့သည် နှစ်ဖက်သော မိဘအုပ်ထိန်းသူများ၏ ခွင့်ပြုချက်အရ ၂၉–၄–၂၀၀၄(ကြာသပတေးနေ့)တွင် ဗဟိုတရားရုံးချုပ် တရားသူကြီး ဦးမြင့်သိန်း၏ ရှေ့မှောက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘအုပ်ထိန်းသူများနှင့် မောင်သက်ခိုင်–မဇင်မာထွန်း။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၀၄ခုနှစ်၊ မေလ(၃)ရက်နေ့၊ တနင်္လာနေ့သည် ကဆုန်လပြည့်နေ့ အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း၊ရန်ကုန်မြို့ လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ MRTV-4တွင် ရုပ်သံကျွမ်းကျင် (၂)(လစာနှုန်းကျပ်၅၄၀၀–၁၀၀–၅၉၀၀)ရာထူး၅၀နေရာလစ်လပ် နေပါ၍ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၁၅–၅–၂၀၀၄ရက်နေ့တွင် အသက်၃၀နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်ထက် မကျော်ရ။
- (ဂ) ဘွဲ့ရပြီးသူဖြစ်ရမည်။
- (ဃ) အအေးခန်းတွင်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း ငါးနှစ်တာဝန် ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာကိုအောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပြည်လမ်း၊ရန်ကုန်သို့ ၁၅–၅–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်–
- (က) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ
- (ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ် မိတ္တူ(သို့မဟုတ်) ခိုင်လုံသော အထောက်အထား တစ်ရပ်ရပ်တင်ပြနိုင်ရမည်။
- (ဂ) သက်ဆိုင်ရာမြို့နယ် ရဲစခန်းမှလျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
- (ဃ) လိုင်စင်ဓာတ်ပုံ(၂)ပုံ(ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ် ရေးသားရန်)
- (င) မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးတွင် အလုပ်သမားမှတ်ပုံတင်ထားသည့် အလလခပုံစံ(၂)ဓာတ်ပုံမိတ္တူ (၁)စောင်။
- (စ) ဝင်ကြေးငွေကျပ်၁၅၀/–ပေးသွင်းသည့် ချလန်မူရင်း (သို့မဟုတ်)စာတိုက်ငွေပို့လွှာ(Money Order) ပြေစာမူရင်း။

၄။ ဝန်ထမ်းများသည် မိမိတို့၏ လျှောက်လွှာများကို တာဝန်ထမ်းဆောင်ရာ ဌာနအဖွဲ့အစည်းများမှ တစ်ဆင့် ၁၅–၅–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ပေးပို့ရမည်။ (ကြိုတင် မိတ္တူတိုက်ရိုက်ပေးပို့ရမည်။)

၅။ စာမေးပွဲဝင်ကြေးငွေကျပ်၁၅၀/–ကို ရန်ကုန်မြို့အတွက် မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲ(၃)ငွေစာရင်းအမှတ်၊ အမ်ဒီ–၀၀၁၉၃၆သို့ လည်းကောင်း၊ ကျန်ပြည်နယ်/တိုင်းမြို့နယ်များအတွက် သက်ဆိုင်ရာစာတိုက်မှ တစ်ဆင့် ဤဦးစီးဌာနသို့ ငွေပို့လွှာ(Money Order)ဖြင့် ပေးသွင်းရမည်။

၆။ အသေးစိတ်အကြောင်းအရာများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာန (ရုံးချုပ်)၊ တယ်လီဖုန်းအမှတ်–၅၂၇၁၂၂၊ လိုင်းခွဲ–၁၄၅တွင်စုံစမ်းနိုင်ပါသည်။

SILVER STAR HOTEL

(၁၀ – ၄ – ၂၀၀၄) နေ့မှ စတင်၍ဖွင့်လှစ်လိုက်ပါသည်။

Job Vacancy

1\. Designer (Interior) ၁ ဦး
2\. Assistant Sale Manager ၂ ဦး
3\. Accountant ၁ ဦး
- B.Com (or) LCCI Level (3)
4\. Marketing
7\. A.G.T.I (Civil) ၁ ဦး
8\. Store Assistant ၁ ဦး
Polish
(Manager Posts)
HR Manager CV Form

SPOKEN ENGLISH
B.A. (English); Dip. in E.L.T.
May - 4, 11, 18, 24 Jun - 7, 14, 21, 28
SUCCESS LANGUAGE ACADEMY
202046

အောင် အီလက်ထရောနစ်သင်တန်း

ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗီဒီယို၊ ဗီစီဒီ၊ စလောင်း လက်တွေ့အမြန်သင်တန်း

အမှတ်(၄၄)၊ ကျောက်မြောင်းလမ်း၊ ကျောက်မြောင်းကြီး ရပ်ကွက်၊ တာမွေမြို့နယ်၊ ဖုန်း–၅၄၀၁၂၀။

ကျောင်းသားသစ်များ လက်ခံပြီ။

မြစ်သန္တာ

Home Distribution Group

Ready Made Floor
High - tech of Germany
Al_2O_3
Decorative Wall Covering
High - tech of Italy
(Wall paper)
(Office & Show Room)
F 2-6
Fax:

ကွယ်လွန်သူ ဦးအေအင်န်ဆင်း ကျန်ရစ်ခဲ့သော ပစ္စည်းနှင့် ပတ်သက်၍ မြေပုံမြေရာဇဝင်ကူးယူရန်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာရန်၊ အမှားပြင်စာချုပ်ချုပ်ဆိုရန်၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ (၃၀၇) အရ ခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်ထားခြင်း

အကြောင်းကြားစာ
ရန်ကုန်တိုင်း တရားရုံးတော်
၁၉၉၈ ခုနှစ်၊ တရားမ အထွေထွေမှု အမှတ်–၄၉၇
ဒေါ်အာရ်တီ ချောင်ဒရီ ---- လျှောက်ထားသူ

(ကွယ်လွန်သူ ဦးအေအင်န်ဆင်း ကျန်ရစ်သော ပစ္စည်းများနှင့် ပတ်သက်၍ အမှုအရေးတွင် သက်ဆိုင်သူများ သိစေလိုက်သည်–)

အထက်အမည်ပါ လျှောက်ထားသူက ကွယ်လွန်သူ ဦးအေအင်န်ဆင်း ကျန်ရှိရစ်သော ပစ္စည်းများနှင့် ပတ်သက်၍ အမွေထိန်းလက်မှတ်စာကို (၂၈–၄–၂၀၀၃) နေ့တွင် ထုတ်ပေးပြီးဖြစ်ပါကြောင်းနှင့် လျှောက်ထားသူမှ အထက်ပါ ကွယ်လွန်သူ၏ ကျန်ရှိရစ်သော ပစ္စည်းအပေါ် မြေပုံမြေရာဇဝင် ကူးယူခြင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုခြင်း၊ အမှားပြင် စာချုပ်ချုပ်ဆိုခြင်း၊ အရောင်းအဝယ် စာချုပ်ချုပ်ဆိုခြင်း စသည့်ကိစ္စရပ်များ ပြုလုပ်နိုင်ရန်အတွက် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇အရ လျှောက်ထားလာရာ လျှောက်လွှာကို ၂၀၀၄ ခုနှစ်၊ မေလ (၁၃)ရက်နေ့ (၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ရက်) နံနက် ၉:၃၀ နာရီတွင် ကြားနာစစ်ဆေးရန် ချိန်းဆိုထားကြောင်းနှင့်ဆိုခဲ့သည့် အထက်ပါကွယ်လွန်သူ၏ ပစ္စည်းအရေးကိစ္စတွင် ပတ်သက်သူမည်သူမဆို အထက်ဖော်ပြပါ ရုံးချိန်၌ ဤရုံးသို့လာရောက်ကန့်ကွက်လျှောက်ထားနိုင်ကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

၂၀၀၄ ခုနှစ်၊ ဧပြီလ(၂၈)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
ရန်ကုန်တိုင်း တရားရုံး

ဓာတ်ဆီဖြည့်မှု သတိပြု

ရန်ကုန် ဧပြီ ၂၉

ပူပြင်း ခြောက်သွေ့သော နွေရာသီကာလ မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်စဉ် ပွတ်တိုက်မှုနှင့် သဘာဝတည်ငြိမ်လျှပ်စစ်ဓာတ် ဖြစ်ပေါ်မှုကြောင့် မီးလောင်မှု ဖြစ်ပွားနိုင်သဖြင့်သတိပြုရှောင်ကြဉ်ကြရန် မီးသတ်ဦးစီးဌာနက သတိပေး နှိုးဆော်ထားသည်။ (သတင်းစဉ်)

ကျေးဇူးဆပ်ပါမည်

မလှရှမ်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၃/လရန(နိုင်) ၀၉၄၇၆၂ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ဆက်သွယ်ရန် ဖုန်း–၀၉–၉၉–၂၁၆၇၁၊ ၂၅၂၅၂၀။

MAT Quality & Success

Dr. Tin Latt ဦးစီးသင်ကြားသော MANAGEMENT & ACCOUNTANCY TRAINING LTD

MAT Centre I | MAT Centre II | MAT Myitkyina Centre

ACCA
Paper 1.1,1.2
(CBE Courses)

CAT
(CBE Courses)
Introductory & Intermediate Level

E-Learning for CBE Course
LCD Projector ဖြင့် Dr. Tin Latt ကိုယ်တိုင် သင်ကြားပေးမည် ဖြစ်သည်။

Registration Closing Date: 30th June 2004
For Sept. Exam : Commencing date : 9.5.2004

LCCI
Level I, II (Certificate Course)
Level III (Group Diploma Course)
- Diploma in Accounting (DA)
- Diploma in Management Accounting (DMA)
- Diploma in Cost Accounting (DCA)
- Diploma in Principles and Practice of Management (DPRM)
- Diploma in Business and Industrial Administration (DBIA)
- Diploma in Marketing (DMAR)
- Diploma in Managerial Principles (DMP).

Commencing Date
28.5.2004 (Yangon)
1.6.2004 (Myitkyina)

Computerised Accounting & Windows Application Courses
UBS Accounting & Stock Control
Microsoft Office XP & 2003
Enroll Now!

Tel: 242431, 241713, 296781.

CAT (သို့) LCCI Course
LCCI Level III ACCA (သို့) CAT

E.mail: Drtinlatt@mat.com.mm

ဆိုင်ဖွင့်ပွဲဥနှစ်ပြည့်အထူး
30% Off

အရှေ့တိုင်းမျက်မှန်

ခေတ်မီလှပ်ရှားကျ ကာကွယ်ပေးသော ပါဝါ မျက်ကပ်မှန် အထူးလျှော့ဈေး
၃၆၁၊ ရွှေဘုံသာအထက်လမ်း။ 280458
၁၁၅၊ ပထမထပ်၊ ယုဇနပလာဇာ။

ဦးအုန်းမြင့် (လျှပ်စစ်)
လျှပ်စစ် နှင့် အခြေခံ အင်္ဂလိပ်စာ သင်တန်း အသုတ်သစ် (၂၅)

ကျော်ရည်မျိုးခုံနှင့် JAM၊ ဆော့စ်၊ ဂျယ်လီ၊ ယို
ဈေးကွက်ဝင်ထုတ်လုပ်နည်းပညာသင်တန်း
အသုတ်သစ် (6) (4-5-2004) မှ (10-5-2004) ထိ (၇) ရက်
အသုတ်သစ် (7) (14-5-2004) မှ (20-5-2004) ထိ (၇) ရက်
ချော်ရည်မျိုး - (8:30-12:00) ။ JAM၊ ယို - (1:00-4:30)
Cordial, Energy Drink
ရန်ကုန် 01-662129, 690264

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ဟဲဟိုးမြို့ အလယ်ပိုင်း(၂)၊ အမှတ်(၁၄၀)၊ မင်းလမ်းနေ (ဦးထွန်းမြင့်)-ဒေါ်ကြီးတို့၏ တတိယသား

မောင်ကျော်ဟိုး နှင့်

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်နယ်မြေ(၁)၊ သရေခေတ္တရာလမ်း၊ အမှတ်(ည-၁၁၉၆)နေ ဦးကြီးဖေ (အငြိမ်းစား)-ဒေါ်ချယ်ရီ(ခ)ဒေါ်ပန်ရှဲတို့၏သမီးထွေး

ဒေါက်တာတင်တင်လှိုင် M.B.,B.S (MDY)

(တိုက်နယ်ဆရာဝန်၊ ဟဲဟိုးဆေးရုံ)

တို့၏ ၂၂-၄-၂၀၀၄ရက်နေ့ နံနက်မင်္ဂလာချိန်မ တောင်ကြီးမြို့တွင် ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လိုက်လံရှာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဟိုး-ဒေါက်တာတင်တင်လှိုင်။

တိုက်ခန်းအမြန်ရောင်းမည်။

ပန်းဘဲတန်းဗိုလ်ချုပ်လမ်းမပေါ် (ပထပ်)အခန်းသန့်၊ ရေ+မီး (ကိုယ်ပိုင်)ဖုန်းပါ။ (15'x 50') ဗိုလ်ချုပ်ဈေးရှေ့ (ညှိနိုင်းဈေး)

တာမွေ၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း(15'x 50') မြေညီထပ်(ရေ+မီး)ကိုယ်ပိုင်။ (ညှိနိုင်းဈေး)

ဆက်သွယ်ရန်-ဖုန်း-၅၅၈၁၁၂၆၀၃၂၅၀၁၊ ၀၉ ၅၀၀-၁၁၇၈

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာစနစ်ထားရန်)

ဆရာကြီးဦးဗထူးစိန် (MRTV-3/ROYAL HOLLYWOOD) ဦးစီးဖွင့်လှစ်မည် အဆင့်မြင့်စားသောက်ဆိုင်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိပါသည်။

၁။ Manager	ကျား၊ မ	(၁)
၂။ Stage Manager	ကျား၊ မ	(၁)
၃။ စားဖိုမှူး	ကျား	(၁)
၄။ လ/ထစားဖိုမှူး	ကျား	(၃)
၅။ စာရင်းကိုင်	ကျား၊ မ	(၂)
၆။ ငွေကိုင်	ကျား၊ မ	(၂)
၇။ စာရင်းစစ်	ကျား၊ မ	(၁)
၈။ Supervisor	ကျား	(၁)
၉။ Keyboard ဆရာ	ကျား	(၁)
၁၀။ ညှော်ကြီ		(၃)
၁၁။ အဆိုတော်		(၇)
၁၂။ လျှပ်စစ်ဝန်ထမ်း	ကျား	(၁)
၁၃။ စားပွဲထိုးဝန်ထမ်း	ကျား	(၂၅)
၁၄။ ယာဉ်မောင်း	ကျား	(၂)
၁၅။ လုံခြုံရေးဝန်ထမ်း	ကျား	(၅)
၁၆။ သန့်ရှင်းရေးဝန်ထမ်း	ကျား၊ မ	(၁၀)

အမှတ်စဉ်(၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆)အတွက် နေရေး၊ စားရေး စီမံပေးမည်။ လျှောက်ထားလိုသူများသည် ကန်တော်ကြီး ကန်ပတ်လမ်း၊ မြိုင်မာလာကျွန်း (Hotel Nikko)ရှေ့သို့ နံနက်(၉း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ဓာတ်ပုံ (၂)ပုံနှင့်အတူ တစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

မှတ်ချက်။ လစာကောင်းမည်။

ဆေးဘက်ဆိုင်ရာ
ဆာနူးကြီး

အမြန်အလိုရှိသည်။
(ပြည်တွင်း၌သာစနစ်ထားရန်)

- Driver 2(males)
- အသက် (၃၀ - ၄၀)
- ကျွမ်းကျင်မှုရှိပြီး မြန်မာလမ်းကြောင်းကောင်းစွာ ကျွမ်းကျင်သူ
- Human Resource 1 (male)
- အသက်(၃၀-၄၅)နှစ်ကြား
- ကွန်ပျူတာကျွမ်းကျင်ပြီးတိုင်းရင်းသားဖြစ်ရမည်

အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် ကိုယ်ရေးရာဇဝင်အပြည့်အစုံ (၂) ပေါ်အတွက် ဆောက်ပါ လိပ်စာသို့ လာရောက်လျှောက်ထား နိုင်ပါသည်။

Concordia Int'l Ltd.

☎ : 706 642

အခြေခံပညာ အထက်တန်း စာမေးပွဲ အောင်မြင် ပြီးသူများ အတွက်
ကွန်ပျူတာ/ အင်္ဂလိပ်စာနှင့် LCCI သင်တန်းများ တက်ရောက်နိုင်ပါပြီ။
MCC STANDARD
Business and Training Centre
☎ ၅၅၈၈၇၃၊ ၅၅၁၈၃၅၊ ၅၈၁၁၁၅

Twenty Three Group Co., Ltd.
(Local Service Only)

We are looking for highly energetic, initiative and creative personals who can also be a team player. We invite those who enjoy working in a challenging and self-improving working environment to join us.

Marketing Manager 1 Post
Age between 28 to 35 (m/ F)
Must have at least 5 years experience in relative field
Must be a university graduate. DMA/ MBA degree would be an advantage.
Must be able to effectively communicate in both spoken and written English.

Graphic Artist 1 Post (m/ F)
Must be able to use Adobe Photoshop skillfully
Must be creative & willing to learn & co-operative

Sales Promoter 4 Post (m/ F)
Age between 18 to 24
Must have pleasant personality and interpersonal skill.

Marketing Executive 2 Post (m/ F)
Age between 20 to 26
Must have at least 2 years working experience
Must have basic computer knowledge & basic English knowledge

please submit your CV together with the labor registration card to Rm 1002, DNH Tower, 272 Pyay Road, Sanchaung Township, Yangon, Myanmar
Or fax to 533772 or e-mail to synergy@myanmar.com.mm within 10 days of this advertisement.

လိပ်ခေါင်း၊ ဂရင်ဂျိနာ၊ ဇေါ်ဒီနာ၊ အကျိတ်ဖြစ်သူများ
(ဤကြော်ငြာကို ဖတ်မြင်အောင်ဖတ်ပါ) ဖုန်း-၂၄၈၀၆၃
သမားတော်ကြီး ဗီရွာဒေါင်ပေါက်၊ ဂရင်ဂျီနာ အထူးကု

မြို့မ ဓာတ်ရှင်ရုံ
☎ : ၃၄၆၅၅၅ ၃၃၃၇၈၁
Starring:
ASHAY KUMAR
KAREENA KAPOOR
ပွဲချိန်သတ်မှတ်ပြ
၁၁ း ၀၀ နာရီ
၂ း ၁၅ နာရီ
၅ း ၃၀ နာရီ
၈ း ၄၅ နာရီ


သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဒေါ်သန်းသန်းဝင်း	၁၂/ဥကတ(နိုင်)၀၄၉၈၆၆	၂၆/၁၊ မဟာဗောဓိလမ်း	ရန်ကင်း	၂ ကံဘဲ့	၂၆/၁	ဒေါ်ခင်ဥမ္မာအုန်း	အမည်ပြောင်း
၂။	ယေယေဟန်(ကင်းချော်ဇင်)အသင်းတော်		အမှတ် ၃၆/ဘီ၊ အင်းယားလမ်း (၉)ရပ်ကွက်	ကမာရွတ်	၃၆B+၃၆B	[illegible]	ဦးခင်မောင်ကြီး+၁	အမည်ပြောင်း
၃။	ဒေါ်စိုးစိုးအေး(ခ)[illegible]	၁၂/ကမရ(နိုင်)၁၂၃၅၆၈	၃၆/ဘီ၊ အင်းယားလမ်း (၉)ရပ်ကွက်	ကမာရွတ်	၃၆-B	၁၅B/၆-၁	ဦးခင်မောင်ကြီး+၁	အမည်ပြောင်း
၄။	ဒေါ်အေးကြိုင်	၁၂/ကတတ(နိုင်)၀၁၁၄၅၉	၅၇၊ မဟူရိုင်လမ်း၊ ဝါးဆိုင် ဒေါပုံ	ဒေါပုံ	၈/ဝါးဆို	၃၅၃	ဒေါ်မြန်မြန်မြင့်	အမည်ပြောင်း
၅။	[illegible]	၃-ဂ-၈၁၁/ဒေါပုံ နွယ်အေး	၁/၁၊ ၁/၂ ဘီကာနွယ်လမ်းနွယ်အေးရပ်ကွက်ဒေါပုံ	ဒေါပုံ	၂/နွယ်အေး	၈/၁၊ ၈/၂	[illegible]	ဂရန်သစ်
၆။	ဒေါ်သီ	၁၂/ဗဟန(နိုင်)၀၂၅၇၂၅	၄/၆၄ [illegible] မ/၃	မြောက်ဥက္ကလာပ	၄ တိုးချဲ့	၆၄၄	ဦးသိန်းဟန်	ဂရန်သစ်
၇။	ဒေါ်ဝင့်ရည်အေး	၁၂/ကမရ(နိုင်)၀၃၅၇၅၁	၉၉၊ သံလွင်လမ်း	ကမာရွတ်	၃၆D	၈၈B/၆	ဒေါ်တင်ဝင်း	အမည်ပြောင်း
၈။	ဒေါ်အုန်းမြိုင်	၁၂/ဥကမ(နိုင်)၀၃၈၁၄၄	၅၉၂ သုမိတ္တာ(၁၆)လမ်း (၁)ရပ်ကွက် မ/၃	မြောက်ဥက္ကလာပ	၁	၅၉၂	ဦးအုန်းလှိုင်	မြေပုံကူး
၉။	ဒေါ်ခင်အေး	၁၂/ဥကမ(နိုင်)၀၂၈၈၈၄	၉၀၊ [illegible](၆)လမ်း ရှ-ရပ်ကွက် မ/၃	မြောက်ဥက္ကလာပ	၅	၉၀	[illegible]	မြေပုံကူး
၁၀။	ဒေါ်သန်းရွှင်	၁၂/စခန(နိုင်)၀၂၅၆၀၇	၂၉/၂ ရပ်ကွက်၊ မြို့မိတ်လမ်း၊ ရွှေပြည်သာ	ရွှေပြည်သာ	၃၀	၅	ဒေါ်နီနီလွယ်	အမည်ပြောင်း
၁၁။	ဒေါ်မြနှရင်+၁	၁၂/တမန(နိုင်)၀၇၉၉၉၉	၂၅၇/၂၆၀၊ ကျိုက္ကဆံလမ်း	တာမွေ	၄Cဂချ	၁	Mg Tint and Ma Tint	ဂရန်တိုး
၁၂။	ဒေါ်လှလှကြည်	၁၂/ဥကတ(နိုင်)၀၈၁၃၂၂	၁၈၇-ရပ်ကွက်ရွှေခင်းသာလမ်း/၃	တောင်ဥက္ကလာပ	၃	၁၈	ဦးအောင်ထွန်း+၁	အမည်ပြောင်း
၁၃။	ဦးမြတ်နိုင်	၁၂/ဥကမ(နိုင်)၀၃၂၅၆၅	၉၂၂ [illegible] ၁၀-လမ်း ၄-ရပ်ကွက် မ/ဥ	မြောက်ဥက္ကလာပ	၄	၉၂၂	ဦးမင်းနိုင်	မြေပုံကူး
၁၄။	ဦးဝင်းအောင်+၅	၁၂/တမန(နိုင်)၀၈၇၃၉၈	၃၀၊ အသောကလမ်း	တာမွေ	၄-A	၈၀	[illegible]	မြေပုံကူး
၁၅။	ဒေါ်ရင်ရင်+၂	၁၂/မဂတ(နိုင်)၀၇၉၃၅၃	၂၁၇/၂၁၉၊ ကျိုက္ကဆံလမ်း	တာမွေ	၃A5	V ၂၁၄	[illegible]	အမည်ပြောင်း
၁၆။	ဒေါ်နန်းကြာ	၁၃/လခန(နိုင်)၀၂၆၀၃၉	၅၇၅ ၆-လမ်း	မရမ်းကုန်း	၁/၂	၅၇၅	ဒေါ်ခင်နု	အမည်ပြောင်း
၁၇။	ဦးမြင့်ဆွေ	၁၂/ပဇတ(နိုင်)၀၁၂၃၂၂	၃၇၊ ပေ-၅၀ လမ်း (၃)ရပ်ကွက်	ကမာရွတ်	၈၁	၁၀၅	ဦးလှမြင့်+၁	ဂရန်သစ်
၁၈။	ဦးတင်ထွန်းအောင်	၁၂/ကမန(နိုင်)၀၈၁၈၅၄	၁၃၅ အောက်စီ/၃၊ သံလွင်လမ်း	ကမာရွတ်	၃၆-C	၂၅B/၂၂၊ ၂၅B/၃၂	ဒေါ်စောတင်	အမည်ပြောင်း
၁၉။	ဦးကျော်ဝင်း	၁၂/ဒဂန(နိုင်)၀၃၃၉၁၇	၇၈၇/က၊ ဒိုင်ပွဲထွန်း(၃)လမ်း	ဒဂုံ	၂	၇၈၇/က	ဦးအောင်ထွန်းစိန်	ဂရန်သစ်
၂၀။	ဒေါ်အေးအေး	၁၂/မရက(နိုင်)၀၂၂၈၁၃	၃၂၂ က-၅လမ်း မြို့သစ်(က) အင်းစိန်	အင်းစိန်	မြို့သစ်(က)	၄၃၆	ဦးကြည်	ဂရန်သစ်

ဌာနမှူး မြို့ပြမြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရွှေပြည်ယံ (ဈေး)

Yan Aung
ကားအမျိုးမျိုးငှားရမ်းနိုင်ပါသည်။
(၂၄-နာရီ)ဝန်ဆောင်မှု

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်မကလ/၁၆၃၄ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာထွက် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကညနမြေ ခရိုင်ရုံး (မိတ္ထီလာ)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာ)။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ စက်မှု(၁)ဝန်ထမ်းအိမ်ရာနေ ဗိုလ်မှူးနေဝင်း(ငြိမ်း) (စက်ရုံမှူး၊ ဂျုံလုပ်ငန်းစက်ရုံ)-ဒေါ်တင်တင်အေး တို့၏သားကြီး

ဗိုလ်ကြီးတင်ထွန်းဝင်း B.Sc (Maths) နှင့်

ကြံခင်းမြို့၊ မြို့ဦးရပ်နေ (ဦးကြွယ်သန်း) (လ/ထညွှန်ကြားရေးမှူး၊ ငြိမ်း၊ သစ်တောဦးစီးဌာန)-ဒေါ်နှင်းဝေတို့၏သမီး

မလှိုင်လှိုင်ဦး B.Sc (Hons;) Maths

တို့သည် နှစ်ဖက်သော ဂုဏ်သရေရှိလူကြီးမိဘတို့၏ရှေ့မှောက်တွင် ၂၄-၄-၂၀၀၄နေ့၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးတင်ထွန်းဝင်း-မလှိုင်လှိုင်ဦး။

ချစ်သမီးလေး "ဣန္ဒြေညီညီ" အတွက် မွေးနေ့ဆုမွန်

၃၀-၄-၂၀၀၄ ရက်နေ့မှာ ကျရောက်တဲ့ ချစ်သမီးလေး **"ဣန္ဒြေညီညီ"**ရဲ့ (၄)နှစ်မြောက် မွေးနေ့မှ မနက်ဖြန်တိုင်းမှာ ကျန်းမာချမ်းသာမှုတွေနဲ့ ပြည့်စုံပြီး အောင်မြင်မှုများစွာ ရယူပိုင်ဆိုင်နိုင်ပါစေ။

နှစ်ဖက်သော ဘိုးဘိုး-ဘွားဘွားများနှင့်
ဖေဖေ-ဦးညီညီထွန်း မေမေ-ဒေါ်ခင်မို့မို့
ဘဘစိုး-ကြီးနု၊ ဦးဌေး-တီတီမိုး၊ ဦးခင်မောင်ဝင်း-တီတီမျိုး၊
လေးလေးစိုး-မေမေစီ၊အန်တီနန်း
မမချစ်စု၊ ကိုကိုပြည့်ဖုန်း၊ ကိုကိုစွမ်း၊ ကိုကိုထက်
မမယွန်း၊ ကိုကိုမိုး။

ငွေရတုမင်္ဂလာဆုတောင်း

ဖေဖေဦးအောင်စိုး(ဥက္ကံမြို့နယ်လျှပ်စစ်မှူး)၊ မေမေဒေါ်မြင့်မြင့်စမ်းတို့၏ (၁၂-၄-၂၀၀၄) သင်္ကြန်အကြိုနေ့ ငွေရတုမှသည် စိန်ရတုတိုင်အောင် ဘဝခရီးတစ်လျှောက် ချစ်သားသမီးများနှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းလျက်---။

သမီးကြီး -စိုးနန္ဒာမြင့်
သားလတ်-စိုးမောင်မောင်မြင့်(ခ)ဖြိုးတေဇာ
သားငယ် -ငြိမ်းမောင်မောင်မြင့်(ခ)မန်းထန်။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁	Sales & Marketing Manager	(ကျား/မ) ၁ ဦး
၂	Admin Manager	(ကျား/မ) ၁ ဦး
၃	Sales & Marketing Ass;Manager	(ကျား/မ) ၂ ဦး
၄	Sales & Marketing Supervisor	(ကျား/မ) ၅ ဦး
၅	Sales Rept. (Team Leader)	(ကျား/မ) ၅ ဦး
၆	Sales Promoter	(ကျား/မ) ၅ ဦး
၇	Merchandiser	(ကျား/မ) ၅ ဦး

တိုးချဲ့ ကျောင်းတော်ကြီး

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

မကြာမီဖွင့်လှစ်တော့မည့် Sein Gay Har Super Center အတွက်

(1) Marketing Manager	(1) Post
(2) Advertising & Public Relation Manager	(1) Post
(3) Accounting Manager	(1) Post
(4) Audit Manager	(1) Post
(5) Finance Manager	(1) Post
(6) Maintainance Electric & Security	(10) Posts
(7) Computer Hardware ကျွမ်းကျင်သူ	(1) Post
(8) Sale Staffs	(125) Posts
(9) Office Staffs	(15) Posts
(10) သန့်ရှင်းရေးဝန်ထမ်း	(7) Posts

အလုပ်လျှောက်ထားသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင် လုပ်ငန်းအတွေ့အကြုံ၊ ပညာအရည်အချင်းနှင့် အခြားတင်ပြလိုသော ထောက်ခံချက်များ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ (၁)လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ(၂)ပုံတို့ကို ပူးတွဲပြီး ကြော်ငြာပါသည့်နေ့မှ (၂)ပတ်အတွင်း အမှတ်(၄၄)၊ ပြည်လမ်းမကြီး၊ ဒဂုံမြို့နယ်သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ကုန်ပစ္စည်း ထုတ်လုပ်သူများအတွက် သတင်းကောင်း

Super Center တွင် လုပ်ငန်းလုပ်ကိုင်ရန်အတွက် အသီးအနှံ/ဟင်းသီးဟင်းရွက်၊ နို့နှင့်နို့ထွက်ပစ္စည်း၊ အရန်သင့်စားကုန်နှင့် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်ပါသည်။

ဆက်သွယ်ရန် Phone -379823, 379956, 254446

UNION OF MYANMAR
MINISTRY OF TRANSPORT
MYANMA SHIPYARDS
INVITATION TO SEALED TENDER

1. Sealed tenders are invited by Myanma Shipyards, for supply of the following M.S Plates and Angles which will be purchased in Myanmar Kyats:-

Sr. No	Tender No	Description	Qty
1	T(1)MS/2004-05	Ship construction material complying with Lloyd's (OR)ABS Grade A	
		M.S Plates	
		(8' x 30') x 6mm (or) (6'x20') x 6mm (8'x 30') x 8mm (or) (6'x20') x 8mm (8'x30')x10mm (or) (6'x20') x10mm	500 Tons (Approx:)
		M.S Angles (6M in Length)	
		65x65x6mm 75 x 65 x 8mm 100 x 75 x 7mm 125x75x8mm	50 Tons(Approx:)

Tender Closing Date: 28 th May, 2004(10:00)Hours
Tender Opening Date: 28 th May,2004(14:00)Hours

2. Tender documents are available at the office of the Assistant General Manager (Store), Myanma Shipyards, Sinmalike, Kamayut, Yangon, starting from 17th May, 2004 during the office hours.
3. For further detail please call 536521
Assistant General Manager(Store)
Store Department, Myanma Shipyards,
Sinmalike, Kamayut, Yangon.

တတိယအကြိမ်မြောက် (၁၁)ရက် (၁၁)မီးငြိမ်း ဆွမ်း၊ ဆွမ်းဟင်းနှင့် ပစ္စည်းလေးပါးကို

သံဃာတော် (၃၀၅၈)ပါးတို့အား လှူဒါန်းသည့်

အလှူတော်မင်္ဂလာ အောင်မြင်သည့်အတွက် ကျေးဇူးတင်လွှာ

ရန်ကုန်၊ ပဲခူး၊ ပဲနွယ်ကုန်းမြို့နေ ဦးငွေသိမ်း-ဒေါ်စမ်းမြင့် (သိမ့် ဗီဒီယို၊ ဗီစီဒီ၊ ဓာတ်ပုံရိုက်ကူးရေး) မိသားစုတို့က သံသရာဝဋ်ဆင်းရဲအပေါင်းမှ ကင်းလွတ်ရာအမှန် မြတ်နိဗ္ဗာန်ကို အာရုံပြုလျက် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ် (၃၀၅၈)ပါး တို့အား ၁၇-၄-၂၀၀၄ မြန်မာနှစ်ဆန်း(၁)ရက်နေ့မှ ၂၇-၄-၂၀၀၄ ကဆုန်လဆန်း (၉)ရက်နေ့အထိ တတိယအကြိမ်မြောက် (၁၁)ရက် (၁၁)လီ (၁၁)မီးငြိမ်း ဆွမ်း၊ ဆွမ်းဟင်းနှင့် ပစ္စည်းလေးပါးလောင်းလှူပွဲ ကျင်းပသော ပဲနွယ်ကုန်းမြို့ အိမ်ဂေဟာသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၏ဇနီး ဒေါ်တင်တင်ညွှန့်မိသားစု၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးချစ်မောင်၊ အဖွဲ့ဝင်(၂) ရဲမှူးကြီး သိန်းကြည်၊ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းနှင့် က၀၊ သနပ်ပင်၊ ပဲခူးမြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဗိုလ်မှူးမြင့်စိုး(ပဲခူး)၊ သီရိသုဓမ္မသီဂီ ဒေါ်လှကြည် (ရွှေဒေါင်းပျံ)မိသားစု၊ မြင်းကျားဆေးပေါ့လိပ်လုပ်ငန်း ပဲခူးမြို့၊ ပဲခူးခရိုင် ဆောက်လုပ်ရေးအင်ဂျင်နီယာမှူး ဦးသန်းနိုင်အောင်၏ဇနီး ဒေါ်ခင်ဝင်းဆင့်မိသားစု၊ ဒေါ်ခင်စောနွဲ့ (အထက်တန်းပြ အထက-၆၊ ဗိုလ်တထောင်)၊ Superme Zone Trading ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတင်ငွေနှင့်ဇနီး ဒေါ်ထွေးထွေးဝင်း၊ ဒေါ်သန်းညွှန့်(သာကေတ)၊ ဦးအေးထွဋ်နှင့်ဇနီး ဒေါ်မာမာစိန်မိသားစု(တောင်ဥက္ကလာပ)၊ ဒေါ်ယုယုမာ(သက်စုမေ အလှပြုပြင်ရေး၊ တောင်ဥက္ကလာပ)၊ ဦးအေးမောင်ဝင်းနှင့် ဇနီး ဒေါ်ချောစုစုအေး (Lucky Palace Jewellery) မိသားစုတို့မှ ကိုယ်တိုင် လာရောက်၍ ဝတ္ထုပစ္စည်းများ လာရောက်လှူဒါန်းသည်ကိုလည်းကောင်း၊ ပဲခူးတိုင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တိုင်းမန်နေဂျာ ဦးလှ၊ ပဲခူးတိုင်း လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းဝင်း၊ ကျောက်တံခါးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့်ဇနီးမိသားစု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသန်းလွင်နှင့်ဇနီး ဒေါ်ခင်အုန်းမြင့်မိသားစု၊ ဆွေမျိုးသားချင်းများ၊ ဦးရင်-ဒေါ်မြင့်သန်းမိသားစု (ပဲနွယ်ကုန်းမြို့)၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများအား လည်းကောင်း၊ ဓမ္မမိတ်ဆွေများအားလည်းကောင်း၊ တောကျွဲအင်းမြို့ မဇ္ဈိမာရုံတောရစာသင်တိုက်သို့ လှူဒါန်းသော ပဒေသာပင်တွင် ပါဝင်ဒါနပြုကြသော ရန်ကုန်၊ ပဲခူး၊ ပဲနွယ်ကုန်းမြို့မှ အလှူရှင်ဓမ္မမိတ်ဆွေများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ဦးငွေသိမ်း-ဒေါ်စမ်းမြင့် (သိမ့်မိသားစု)
ပဲနွယ်ကုန်းမြို့။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ဖြန့်ချိရေး **ကျား/မ(၁၀)ဦး**

အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့်

လျှောက်ထားသူသည် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ လေဘာမိတ္တူ၊ ကာလာလိုင်စင်ဓာတ်ပုံ(၄)ပုံနှင့်အတူ ၁၀-၅-၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

လျှောက်ထားရန်လိပ်စာ
Sun & Moon (Advertisement Occupation)
အမှတ်(၁၅၃)၊ ဝိဇ္ဇာညီနောင်လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဇဝန၊ မြေကွက်အမှတ်-၁၆၉၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိခေမာလမ်း၊ အိမ်အမှတ် (၁၈)ဟု ခေါ်တွင်သော တစ်ထပ်၊ ပျဉ်ထောင်၊ သွပ်မိုး၊ အိမ်နှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်သူ ဦးခင်မောင်ကြီး (အီးပီ-၀၂၉၆၇၈)ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မကြူကြူက တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားနှင့်အတူ ယနေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှမင်း (ပေါင်းတည်)
LL.B (Advocate)
တရားရုံးချုပ်ရှေ့နေ
အမှတ် (၁၈)၊ မြို့သစ် (၂)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

အမည်ပြောင်းခြင်း

ဦးသန်းထွဋ်၏သမီးရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း သူငယ်တန်း (ဂ)မှ မရွှေရည်သန်းထွဋ်အား မရွှေရည်သင်းဟု ပြောင်းလဲခေါ်ပါရန်။ **မရွှေရည်သင်း။**

အမည်ပြောင်းခြင်း

ဦးဇော်နိုင်ဦး၏သား ချောင်းဆုံမြို့နယ်၊ သကြောကျေးရွာ၊ အလက ကျောင်းဆဋ္ဌမတန်း(ခ)မှ မောင်အောင်ကိုကိုထက်အား မောင်ထက်အောင်လှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထက်အောင်လှိုင်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ 4 Tickets အပါအဝင် ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပေးပို့ပါရန်။

စရဲလွင်အောင်၊ ဖုန်း-၅၁၀၄၈၅။

အမြန်ပြန်လာပါ

သမီး ငြိမ်းနုထွေး (အငယ်လေး) [၁၂/ကတတ(နိုင်)၀၂၈၄၄၇]

ဖေဖေ နေမကောင်းပါ၊ အားလုံးက စိတ်ပူနေတယ်၊ အမြန်ပြန်လာပါ။

ကယ်ကယ်-ကျော်စိုး။

Job Opportuinity

Local Service Only (Slalary in Kyat)

(1) Assistant Marketing Manager (1)Post (Male or Female)
(2) Qualification M.B.A
(3) Those with good Experience at the age of 30 to 35 is preferable.
(4) Those who are interesting in this job can apply addressing to "The Managing Director, Youth Force Advertising CompanyLimited" Building No.38, Room No.5, Bahosi Housing Estate, Lanmadaw Township, Yangon, (Ph:224436) within (7)days from the date of this advertisement, together with C.V., labour registration card, recommendation of the respective Police Station and copy (ies) of the certificate(s) of educational qualification.

အမှားပြင်ဆင်ခြင်း

၂၂-၄-၂၀၀၄ ကြေးမုံသတင်းစာ စာမျက်နှာ(၁၇)တွင် ပါရှိသည့် အများသိစေရန် ကြော်ငြာတွင် အလျား ၂၉'/၃၃' X အနံ ၂၉/၃၉'၆" ကျယ်ဝန်းသော မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ဟု ဖော်ပြခဲ့ရာ ဝယ်ယူမည့် မြေကွက်အတိုင်းအတာအမှန်မှာ ၂၉'/၃၃' X ၃၈'/၃၉'၆" ဖြစ်ကြောင်း အမှားပြင်ဆင် ကြေညာအပ်ပါသည်။

ဗိုလ်မှူးထိန်ဝင်း၊ ဒေါ်လှလှမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်လွင်(တရားရုံးချုပ်ရှေ့နေ)
အမှတ်(၅၆၃)၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သားအဖြစ်မှရာသက်ပန်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ်(၁၆/၇၉) နေ ဦးစိုးမောင်၊ ဒေါ်မြမြတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

သားဖြစ်သူ မောင်အောင်ကျော်ဦး (၃၅)နှစ် [၁၂/မရက(နိုင်)၀၁၇၄၃၈]သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို လုံးဝနာခံခြင်းမရှိဘဲ နည်းမျိုးစုံဖြင့် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ၂၀-၄-၂၀၀၄ရက်နေ့မှစ၍ သားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံဝတာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်း အများသိစေရန်နှင့် မောင်အောင်ကျော်ဦး သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သိန်းဝင်း B.A R.L
တရားရုံးချုပ်ရှေ့နေ
၁၅/၁၃၇၊ တော်ဝင်လမ်း၊ဝန်ထမ်းကြီးများရိပ်သာ၊ (၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၀၀၆၇၇၉၊ ၆၃၅၂၆၈။



အများသိစေရန် ကြေညာချက်

မစ္စစ်အင်နီတာဒတ္တား၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစိုးအောင် မှတ်ပုံတင်အမှတ် (ဒီဇက်ဒီဂျီ-၀၀၇၇၀၂)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ သန်လျင်မြို့၊ မြို့မမြောက်ရပ်ကွက်၊ မြို့မလမ်းအိမ်အမှတ်(၃၃)ဟု ခေါ်တွင်သော မြေတိုင်းအကွက် အမှတ်(၁၂)၊ ဦးပိုင်နံပါတ်(၂၉)၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံကို ဦးစိုးအောင်၏သဘောတူ ခွင့်ပြုချက်မရဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်းခြင်း၊ စွန့်လွှတ်လှူဒါန်း၊ ပေးကမ်းခြင်းနှင့် အခြားတစ်နည်းနည်း လွှဲပြောင်းခြင်းမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ- **ဦးသိန်းလှိုင်**
ဘီအက်(စ်)စီ၊ အာရ်အယ်လ် (အထက်တန်းရှေ့နေ)
အမှတ် ၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



အမြန်ရောင်း/လဲမည်

၁/---ပိုင်းလက်
78 မော်ဒယ်
Sunny/ Publica နှင့် လဲမည်
စုံစမ်းရန် - Ph: 514845

အလှကြိုက်သူများအတွက်

ကိုယ်လုံးလှ၊ ဗိုက်စည်း၊ ကော့ဆက်၊ ဗိုက်ချပ်စကတ်၊ မိခင်လောင်းများအတွက် ဗိုက်စည်း၊ ပုံစံမျိုးစုံ အထူးချုပ်သည်။

နေသဇင်-အမှတ်(၁)၊ ဗညားဒလလမ်းနှင့်စက်ရုံလမ်းထောင့်၊ (၄)လွှာ၊ ကမ္ဘောဇဘဏ်အပေါ်ထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၂၀၀၄၉၁။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဒဂုံမြို့သစ်(တောင်ပိုင်း)စက်မှုဇုန် အနီး(၂၄)ရပ်ကွက်၊ (40'x 60')မြေနှင့် RCတစ်ထပ်လုံးချင်း၊ 1MBR၊ 2BR၊ ကားဂိုဒေါင်အတွင်း ထပ်ခိုးပါ၊ အဝီစိတွင်းရေ၊ မီး၊ ဖုန်း၊ ဂရန်အမည်ပေါက်။

ဆက်သွယ်ရန်- 256952, 721363

ဆက်သွယ်ရေးတပ်ဖွဲ့ စစ်သည်များ အလိုရှိသည်

၁။ အောက်ပါပညာရပ်များ တတ်ကျွမ်းလိုလျှင် ဆက်သွယ်ရေးတပ်ဖွဲ့သို့ဝင်ပါ–

သင်ကြားပေးမည့်ပညာရပ်များ	လိုအပ်သည့်ပညာအရည်အချင်း
(က) အီလက်ထရွန်နစ်ပညာ	အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ
(ခ) ကွန်ပျူတာအော်ပရေတာပညာ	
(ဂ) ရုံးစာရေးပညာ	
(ဃ) ဒေတာအော်ပရေတာပညာ	အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူများ
(င) ရေဒီယိုအော်ပရေတာပညာ	
(စ) ရေဒီယိုပြင်ပညာ	
(ဆ) လိုင်းပြင်ပညာ	
(ဇ) ဖစ်တာ(ဆက်သွယ်ရေး)ပညာ	
(ဈ) လိုင်းမင်း(ဆက်သွယ်ရေး)ပညာ	
(ည) မော်တော်ဆိုင်ကယ်စီးပညာ	
(ဋ) မော်တော်ယာဉ်မောင်းပညာ	
(ဌ) ယာဉ်မောင်းစက်ပြင်ပညာ	

၂။ ရွေးချယ်ခြင်းခံရပါက–

(က) အပိုဒ်(၁)၊ (က)၊ (ခ)၊ (ဂ) ပညာသည်များသည် သက်ဆိုင်ရာသင်တန်း အောင်မြင်ပြီးပါက တပ်ကြပ်ကြီးအဆင့် တိုက်ရိုက်ခန့်အပ်မည်။ တပ်ကြပ်ကြီး လုပ်သက်(၃)နှစ်ပြည့်ပြီး အရည်အချင်းစစ် စာမေးပွဲ အောင်မြင်ပါက ဒုအရာခံဗိုလ်ခန့်အပ်ခြင်းခံရမည်ဖြစ်ပြီး ဒုအရာခံဗိုလ်(၃)နှစ်ပြည့်ပြီး အရည်အချင်းစစ် စာမေးပွဲအောင်မြင်ပါက အရာခံဗိုလ်အဆင့် တိုးမြှင့်ခန့်အပ်ခြင်းခံရမည်။

(ခ) ပညာသည်များအနက်မှ အခြေခံပညာအထက်တန်း အောင်မြင်သူများသည် သက်ဆိုင်ရာသင်တန်းအောင်မြင်ပြီးပါက ဒုတိယတပ်ကြပ်အဆင့်မှ စတင်ခန့်ထားပြီး အရည်အချင်းစစ် စာမေးပွဲများ အောင်မြင်ပါက အရာခံဗိုလ်အဆင့်ထိ ခန့်အပ်ခြင်းခံရမည်။

(ဂ) သတ်မှတ်ချက်နှင့်ညီညွတ်ပါက ဗိုလ်လောင်းသင်တန်း ခေါ်ယူသည့်အခါ ဗိုလ်လောင်းသင်တန်းကို လျှောက်ထားခွင့်ပြုမည်။

၃။ ပညာရပ်ဆိုင်ရာသင်တန်းများ တက်ရောက်အောင်မြင်ပြီးပါက မိမိနေထိုင်လိုသော မြို့/ရွာနှင့်နီးသည့် ဆက်သွယ်ရေးတပ်ရင်း/တပ်/တပ်ခွဲများတွင် တာဝန်ချထားပေးမည်။

၄။ တပ်မတော်(ကြည်း)ဆက်သွယ်ရေးတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းလိုသူများသည် နီးစပ်ရာဆက်သွယ်ရေးတပ်များတွင် စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန။

ဆရာရာန်ခိုင် DRAGON KING

အမြန်(ဝယ်/ငှား)လိုသည်

ရုံးခန်း၊ ဆိုင်ခန်း၊ တိုက်ခန်း၊ ကွန်ဒို၊ လုံးချင်းတိုက်အိမ်၊ ခြံမြေကွက်၊ ဂိုဒေါင်။

ဖုန်း– ၂၂၉၄၀၀၊ ၂၂၀၈၅၄

Honey Moon Car Rental

မြို့တွင်း/ပြင်၊ လချုပ် ကားမျိုးစုံငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။ **ဖုန်း– ၀၉၅၀–၁၈၈၆၇၊ ၂၄၀၈၃၂၊ ၂၈၇၁၂၉**

တော်ဝင်

☎ 380183

ရူပီ (1)
TV အထူးပြုပြင်ရေး
Ph : 560339

09.50.12803 ,662565

Car Rental
☎ 501986,526722

လီလီ Li Li Li
အလှပြုပြင်ရေးဆိုင်မှအထူးအစီအစဉ်

လွမ်းဆွတ်သတိရခြင်း
ဦးမြင့်သိန်း
ပါမောက္ခချုပ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်

တပည့်တစ်တွေရဲ့ ဖြောင့်ဖြူးသောသည်လမ်း ချောမောစွာ လျှောက်လှမ်းနိုင်ရန် ရည်ရွယ်လျက် စေတနာကို ရင်းနှီး၊ ဘဝကိုမြှုပ်နှံ၊ဆေးဝါးကျွမ်းကျင်မှုပညာမှန်ကို လမ်းမှန်နည်းပြပြုသူ"ဆရာကြီး" ကွယ်လွန်ခဲ့သည်မှာ (၃၀–၄–၂၀၀၄)တွင် (၂)နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း ဆရာ့ဂုဏ်ကျေးဇူးကို ယနေ့တိုင် အောက်မေ့သတိရရှိလျက်ပါ။ ဆရာသင်ကြားညွှန်ပြခဲ့သော ပညာများဖြင့် ဆရာ့တပည့်တစ်တွေ နိုင်ငံအကျိုးသယ်ပိုးနေကြပါပြီ။ မြင့်မြတ်သော ဘုံဘဝမှ ဆရာဝမ်းသာပီတိ ဖြစ်နိုင်ပါစေ။

ဆေးဝါးကျွမ်းကျင်မှုပညာဘွဲ့ရတပည့်များ။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၄၀၄၃၉ လက်ဝယ်ရှိသူ ဦးလှထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၀/မလမ(နိုင်)၀၂၈၄၁၃] ကိုင်ဆောင်ထားသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊မော်လမြိုင်။

မြွေအန္တရာယ်ကာကွယ်ဖိနပ်ဝယ်ယူရန်

ဒေါက်တာဦးထွန်းဖေ
ဆေးသုတေသနဦးစီးဌာန၊
အမှတ်–၅၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်မြို့ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး)



☎ (ရုံးချိန်အတွင်း) ၂၅၁၅၀၈၊ ၂၅၁၅၀၉၊ ၂၅၁၅၁၀ / လိုင်းခွဲ ၁၅၉

မသက်ဆိုင်တော့ပါ

ကျွန်မ၏ခင်ပွန်းဖြစ်သူ ဦးထွဏ်းမွေးသည် ၃–၄–၂၀၀၀မှစ၍ မိမိဆန္ဒအလျောက် ပြုလုပ်သွားပြီး ယနေ့ထိတိုင် ပတ်သက်မှုမရှိပါ။ သို့ဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို လုံးဝတာဝန်မယူပါ။

မကြည်ကြည်စန်း
[၁၂/လမန(နိုင်)၁၃၆၀၂၇]

နှစ်ဦးသဘောတူကွာရှင်းပြီးစီးခြင်း

ကျွန်မ မယဉ်ယဉ်မွန် (တီဂျီကေအင်–၀၃၈၃၇၄)နှင့် ဦးမျိုးဟန် (ကေအမ်ဒီအီး–၀၁၅၁၇၁)တို့သည် ၇–၄–၂၀၀၄ရက်နေ့တွင် လှိုင်မြို့နယ်တရားရုံး တွဲဖက်မြို့နယ်တရားသူကြီး၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကွာရှင်းပြတ်စဲပြီးဖြစ်၍ ကွာရှင်းပြတ်စဲပြီးသည့် နေ့ရက်မှစတင်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ပတ်သက်ခြင်းမရှိပါကြောင်း အများသိစေအပ်ပါသည်။

မယဉ်ယဉ်မွန်။

တိုက်ခန်းရောင်းမည်

၁၃'x၅၀'၊ ဖလွှာထပ်ခိုးပါ ရေ၊ မီး၊ ကိုယ်ပိုင်အရှေ့လှည့် ပြင်ဆင်ပြီး။ **၉၃ လမ်း၊ ကန်တော်ကလေး၊**

ဖုန်း–၂၄၉၁၀၇။

ငြိမ်းချမ်းရေး

TV, VIDEO, VCD
အိမ်အရောက်ပြုပြင်ပေးသည်။
No. 41၊ သမ္မာဒိဋ္ဌိလမ်း၊
ကျောက်မြောင်း Ph: 548197

ရောင်းမည်

97 Model Daewoo (၁ခ)
Espero

ဖုန်း–၅၄၀၉၉၅။

အိမ်စီးကားသန့်သန့် ရောင်းမည်
Toyota Cresta/ 90 Model/ Diesel Turbo Engine/ ၂ ခ
Super Lusent Grade
ဆက်သွယ်ရန်
Ph: 707373

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅က/၆၄၈၁ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း။**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သိန်းမြင့် (၅၉)နှစ်
ညောင်တုန်း

၁၃–၄–၂၀၀၄နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဦးမြမောင်–ဒေါ်ဝင်းမေ
သား– ကိုမြကျော်စွာဝင်း
တော်ဝင်စိန်တိုက်၊ မန္တလေး။

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
မောင်အောင်ခိုင်မိုး(ခ)အောင်အောင်
အသက်(၂၀)
Nautical Cadet
ရေကြောင်းသိပ္ပံ အပတ်စဉ်(၃၀)

April လကိုမှ အနှစ်သက်ဆုံးသားကြီးရေ၊ သားကြီး ဖေဖေ၊ မေမေတို့ကို မြဝတီမြို့မှာ ခွဲခွာသွားတာ တစ်နှစ်ပြည့်သွားသော်လည်း ဖေဖေ၊ မေမေတို့မှာ တစ်စက္ကန့်မျှ မေ့မရပါ။ နေ့စဉ်လစဉ်နှင့်အမျှ သားကြီးအတွက် ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးနေပါတယ်။ ၃၀–၄–၂၀၀၄ တစ်နှစ်ပြည့်နေ့မှာလည်း အလိုတော်ပြည့်ကျောင်းမှ ဆရာတော်ကြီးနှင့် သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက မေတ္တာပို့အမျှဝေပေးပါတယ်။ ဖေဖေ၊ မေမေ ပြုလုပ်သမျှ ကောင်းမှုကုသိုလ်ကို သားကြီးရောက်ရာကြားရာ ဘုံဘဝမှ ရရှိပါစေ သားကြီးအောင်အောင်ရေ–––။

အမျှ–––အမျှ–––အမျှ။

ဖေဖေ – ဒုတိယရဲမှူးကြီးခင်မောင်ဝင်း(ခရိုင်ရဲတပ်ဖွဲ့မှူး) အရှေ့ပိုင်းခရိုင်၊ ရန်ကုန်တိုင်း။

မေမေ – ဒေါ်နွဲ့နွဲ့ဝင်း(ခ)မြနှင်းနွယ် မိသားစု

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
မောင်အောင်ခိုင်မိုး(ခ)အောင်အောင် အသက်(၂၀)
Nautical Cadet
ရေကြောင်းသိပ္ပံ အပတ်စဉ်(၃၀)

သား မမျှော်လင့်ဘဲ ဦးတို့မိသားစုနှင့် ခွဲခွာခဲ့သည်မှာ (၃၀–၄–၂၀၀၄) ရက်တွင် (၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း တစ်နေ့မှ မမေ့ပါ။ ဦးရဲ–အန်တီခင်တို့ နေ့စဉ်၊ လစဉ်ပြုသမျှကုသိုလ်အဖို့ကို မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ပါ သား–––။

ဦးရဲ–အန်တီခင်၊ ညီလေးရဲခေါင်ဗလ။
Laser Land မိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးဝေလင်း (လ/ထညွှန်ကြားရေးမှူး)
တနင်္သာရီတိုင်းသမဝါယမဦးစီးဌာန၊ ထားဝယ်မြို့
အသက်(၅၇)နှစ်

၂၄–၄–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူကြေကွဲဝမ်းနည်းရပါကြောင်း။

ဒုတိယညွှန်ကြားရေးမှူး(ပြည်နယ်/တိုင်း)နှင့်ဝန်ထမ်းများ
တနင်္သာရီတိုင်းသမဝါယမဦးစီးဌာန၊ ထားဝယ်မြို့။
ဒါရိုက်တာအဖွဲ့
တနင်္သာရီတိုင်းအထွေထွေစီးပွားရေးလုပ်ငန်း၊ သမဝါယမအသင်းစုချုပ် ထားဝယ်မြို့။

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာ အမ်ဆိုင်းတောင် အသက်(၆၈)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်း EMPA (2nd Batch)မှ မနန်းရော်၏မိခင် ဒေါက်တာအမ်ဆိုင်းတောင် ၂၂–၄–၂၀၀၄ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်၊ ဌာနမှူး၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ။

ကျေးဇူးတင်ရှိခြင်း

၂၀–၄–၂၀၀၄ရက်က ခရစ်တော်၌ အိပ်ပျော်သွားခဲ့သော မိခင်ကြီး ဒေါ်ဘီရို့စ် မကျန်းမာစဉ်က ပြုစုကုသပေးခဲ့ကြသော ရန်ကုန်ဆေးရုံကြီးမှ ဆရာဝန်ကြီး၊ လက်ထောက်ဆရာဝန်များနှင့် ဆရာ၊ ဆရာမများအား လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ သတင်းမေးမြန်းအားပေးနှစ်သိမ့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်းကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ ကိုကိုအောင် [၁၀/မလမ(နိုင်) ၁၅၉၅၅၃]သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝတာဝန်မယူပါ။

ဦးကျော်ဝင်း AG–၃၂၃၄၄၄
ဒေါ်အောင်ရွှေနီ(ခ)ဒေါ်တင်မြ
MMN–၅၅၈၂၅၃
မော်လမြိုင်။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း၊ ဒါယိကာမကြီး
ဒေါ်လှကြည် (၈၄)နှစ်
(ဘိုကလေးမြို့)

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ အမှတ်–၅၅၊ နိကြောဓလမ်း၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက် နေ (ဦးကျင်ပြန့်–ဒေါ်ကျင်မြိုင်)တို့၏သမီးကြီး၊ (ဦးခွန်ဟောင်း)၏ဇနီး၊ (ဦးလွန်းမောင်–ဒေါ်ခင်ရွှေလွင်)၊ (ဦးစိန် ချမ်း)–ဒေါ်တိုးကြည်၊ ဦးမင်းသန့် ဒေါ်သိန်းသိန်း၊ ဒေါ်သန်းသန်း၊ ဦးရွှေအောင်–ဒေါ်ကြည်ကြည်၊ ဦးစိုးလွင်–ဒေါ်ခင်မာလှတို့၏အစ်မကြီး၊ (ဦးပွ)–ဒေါ်ခွန်တီ၊ (ဒေါက်တာဦးစောအောင်)–ဒေါ်နီနီလွင်၊ ဦးသက်လွင်–ဒေါ်ကြူကြူစိန်၊ ဦးကျင်သိန်း–ဒေါ်ကြည်ကြည်အေး၊ ဦးကြည်စိန်–ဒေါ်အေးအေးမြင့်၊ ဦးနေဝင်း၊ ဦးကျင်ဟုတ်–ဒေါ်ဆွေဆွေအောင်၊ ဦးအောင်ဝင်းနိုင်–ဒေါ်ညွှန့်ညွှန့်တင်၊ ဦးသန်းထွေးတို့၏မိခင် မြေး ၁၉ ယောက်၊ မြစ် ၁၀ ယောက် တို့၏အဘွားသည် ၂၆–၄–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အမြန်ရောင်းမည်

ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်–၇၃(၄–လွှာ) အဆင့်မြင့်ပြင်ဆင်ပြီး အဲယားကွန်းပါ (၁၈'x ၄၀')အခန်း

ဖုန်း–၇၂၂၅၁၀၊ ၅၄၂၆၃၇။

ကျေးဇူးဆပ်ပါမည်

၂၅–၄–၂၀၀၄ ရက်နေ့တွင် ကျွန်တော် ဦးခင်မောင်လေး၏ နိုင်ငံကူးလက်မှတ် [၀၃၉၇၆၅] ပျောက်ဆုံးသွားပါသဖြင့် ပေးပို့သူအား ကျေးဇူးဆပ်ပါမည်။

ဖုန်း–၀၉–၉၉–၂၃၂၅၉။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မိုင်ချစ်အောင်
အသက်(၆၅)နှစ်
အထက်တန်းသူနာပြုဆရာမကြီး(ငြိမ်း)
သံတွဲမြို့

သံတွဲမြို့နေ (ဦးစိန်ခို–ဒေါ်စိန်)တို့၏ သမီးကြီး၊ သံတွဲမြို့၊ အမှတ်(၄)ရပ်ကွက်၊ မဟာမြိုင်လမ်း (လျှပ်စစ်ဝင်း)နေ ဦးကိုကိုလေး (မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)၏ဇနီး၊ ရန်ကုန်မြို့နေ ဒေါ်မိုင်ချစ်မေ၊ ဒေါ်မိုင်ချစ်မြ၊ ဒေါ်မိုင်ချစ်လှတို့၏အစ်မကြီး၊ ဦးဆလိုင်းမိုးလွင် (SAE– မြို့နယ် လျှပ်စစ်၊ကျောက်ဖြူ)၊ ဒေါ်မိုင်တူးမာလွင် (လက်ထောက်ဘဏ္ဍာရေးမှူး၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊စစ်တွေ)၊ ဒေါ်မိုင်ဝင်းမာလွင် (မြန်မာ့စီးပွားရေးဘဏ်၊ တောင်ကုတ်)၊ ဆလိုင်းဇော်မိုးလွင် (ရိုးမဘဏ်–ရုံးချုပ်၊ ရန်ကုန်)၊ ဆလိုင်းစိုးမိုးလွင် (မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သံတွဲ)တို့၏ မိခင်၊ဆလိုင်းအောင်ထက်ခန့်၊ မိုင်သံသာလွင်တို့၏အဘွား ဒေါ်မိုင်ချစ်အောင်သည် ၁၄–၄–၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆–၄–၂၀၀၄ရက်တွင် သံတွဲ ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး
ဒေါ်မြိုင်(၉၄)နှစ်
တံတားမြို့

ရန်ကုန်မြို့ အမှတ်(၁၈၂) ပိတောက်လမ်း၊ (၁၀)တောင်၊ (၁၃)ရပ်ကွက်၊ သန်လျင်တံတား အိမ်ရာဝင်း သာကေတမြို့နယ်နေ(ဦးလူအို–ဒေါ်ဗန်း)တို့၏သမီး (ဦးစံညွှန့်)၏ဇနီး၊ (ဦးသိန်းဟန်–ဒေါ်နွဲ့)၊ ဦးထွန်းသိန်း–(ဒေါ်လှမြင့်)၊ ဦးထွန်းအောင်ကျော်–(ဒေါ်စိုးမြင့်)၊ (ဦးတင်ဝင်း–ဒေါ်လှနွဲ့)၊ ဦးအောင်သောင်း–ဒေါ်ခင်နု၊ ဦးတင်ရွှေ–ဒေါ်တင်မြင့်၊ ဦးမြသွင်–ဒေါ်သောင်းကြည်၊ ဦးချစ်ဆွေ–ဒေါ်တင်မြ၊ ဦးစိုးလွင်–ဒေါ်ယဉ်ယဉ်နွဲ့တို့၏ မွေးသမိခင်၊ မြေး ၄၆ယောက်၊ မြစ် ၅၀ယောက်၊ တီနစ်ယောက်တို့၏ အဘွားဖြစ်သူ ဒေါ်မြိုင်သည် ၂၇–၄–၂၀၀၄နေ့ မွန်းလွဲ ၁း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁–၅–၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

နေအိမ်မှကားများ နံနက်(၁၁း၃၀) နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု။

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီ ဦးအဘူအာမတ် (ခ)
ဦးမောင်နု (၆၈)နှစ် မောင်တော

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ အထက်ပြူးမကျေးရွာအုပ်စု၊ ကိုးတောင်ရွာနေ (ဟာဂျီဦးအိဇ္ဇတ်အာလီ–ဟာဂျီမဒေါ်လာလ်ဇာန်) တို့၏သားထွေး၊ (ဟာဂျီဦးအဒူလော်တိဖ်–နော်ဂျီဘာခါတူ) တို့၏သားသမက်၊ ဒေါ်တူဟီးဒါးဘေဂေါမ်၏ခင်ပွန်း၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ၁၁၈လမ်းနေ ဦးဗထူး–ဒေါ်ခင်သန်း ကြွယ်၊ မခင်သန်းနု–ဦးအီဆုပ်၊ မောင်အဘူတော်ယုပ်၊ မောင်ရိုကျော်၊မောင်ကျော်ကျော်၊ မောင်ကျော်သူ၊ မဂျက်စမင်း၊ မရူရှ်နီ၊ မခင်သီတာနု၊ မမေသန်းနု၊ မောင်ခင်မောင်ထူး၊ မောင်ရွှေနု၊ မရူဘီတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ရခိုင်ပြည်နယ်၊မောင်တောမြို့၌ ၂၇–၄–၂၀၀၄ ရက်တွင် အလ္လာဟ်အရှင် မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ အစွာရ်အပြီးတွင် ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မမေသွယ်ခိုင်(ခ)မိုနီ (၁၄) နှစ်
နဝမတန်း၊ အထက (၁)ဒဂုံ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ အမှတ်(၉၅)၊ ၁၀၁ လမ်းနေ (ဗိုလ်ကြီးစောလှိုင်–ငြိမ်း)–ဒေါ်ခင်အေးရီ (အထကဆရာမ၊ ငြိမ်း၊ အထက–၁၊ သန်လျင်)၏မြေး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ကျားကွက်သစ်ရပ်ကွက်၊ နိကြောဓလမ်း၊ အမှတ်–၄၅၊ ၅ လွှာနေ ဦးအောင်စောဦး 2/0 (Lister Co.)–ဒေါ်မိမိခိုင်တို့၏ သမီး ဦး၊ မအိသဲဖြူ (ဆဋ္ဌမတန်း၊ အထက–၁ ဒဂုံ)၏ အစ်မ၊ ဦးအောင်သန်း၊ ဒေါ်ဥမ္မာစောဦး (ဆည်မြောင်း ရုံးချုပ်)၊ (ဦးစိုးမိုးစော)၊ ဦးတင်မိုးစော–ဒေါ်တင်တင်ဝင်း (သစ်တောရုံးချုပ်) တို့၏တူမသည် ၂၂–၄–၂၀၀၄ ရက်တွင် ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၂၄–၄–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီ တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ် အမိန့်တော်ခံယူခြင်း
ကမားသင်း(ခ)ဦးမြင့်လွင်
အသက်(၅၃)နှစ်

ရန်ကုန်မြို့ အမှတ်(၅၀)၊ ရှမ်းကုန်းလမ်း၊ မြေနီမြောက်စမ်းချောင်းမြို့နယ်နေ မြန်မာမွတ်စလင် အမျိုးသားရေးရာ အဖွဲ့ချုပ် စမ်းချောင်းမြို့နယ်ဥက္ကဋ္ဌသည် ၂၅–၄–၂၀၀၄ တနင်္ဂနွေနေ့နံနက် ၁၀ နာရီ ၁၀မိနစ်အချိန် အဆွာရ်ဆလာဝါသ်အပြီး ရေဝေးကာဘာန်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း မ–အ–ဖ အဖွဲ့အဆင့်ဆင့်သို့ အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်
ရန်ကုန်တိုင်း။

ဗိုလ်နန်းအေးအေးဝင်း(ငြိမ်း)
အသက်(၃၄)နှစ်
စစ်သူနာပြုဗိုလ်လောင်း
အ–မ–စ (၁၅)

ရန်ကုန်မြို့၊ အမှတ် ၁၂၁–မြေတိုင်းကွက်(၁၅) သဇင်လမ်း၊ ရပ်ကွက်(၃) ရွှေပြည်သာမြို့နေ ဒု–ဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)–ဒေါ်နန်းငွေလှ(အထပြ၊ငြိမ်း)တို့၏သမီး၊ စိုင်းအောင်မြတ်ဝင်း၊ စိုင်းကျော်မြတ်ဝင်း၊ ဗိုလ်ကြီးအုန်းမြတ်ဝင်းတို့၏အစ်မသည် ၂၇–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ၃–၅–၂၀၀၄ ရက် နံနက် ၆နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားနာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်းဒါယကာ
ကိုကျော်သူဝင်း(၃၃)နှစ်
C.D.C 25783 (A/B)
Hanseatic. Shipping, Co., Ltd.

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက်၊ သုမင်္ဂလာလမ်း အိမ်အမှတ် (၃၃၈)နေ ဦးမြဝင်း–ဒေါ်ကြည်ကြည်ဝင်း (လှယဉ်ယဉ်အထည်ဆိုင် မင်္ဂလာဈေး) တို့၏သားကြီး၊ ကိုကျော်သူ–မခိုင်မြရည်ဝင်း၊ ကိုအေးမောင်မောင်တို့၏အစ်ကို ကိုကျော်သူဝင်းသည် ၂၈–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက်၁နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀–၄–၂၀၀၄ (သောကြာနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစု။

ဦးကောင်းညွန့် (၆၉)နှစ်
B.Sc(Hons),M.Sc.
အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ပါမောက္ခချုပ်(ငြိမ်း)ဒဂုံတက္ကသိုလ်

မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ လိပ်ဆံခွန်ရွာနေ (ဦးစက်ရုံ–ဒေါ်သိန်းချို) တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမောင်မောင်–ဒေါ်ထွေး)တို့၏သားသမက်၊ ရန်ကုန်မြို့ တိုက်(၁၅)၊ အခန်း (B) ပြည်ထောင်စုရိပ်သာ၊ ဒဂုံမြို့နယ်နေ ဒေါ်ခင်ခင်ညွန့်၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်သန်းဆွေ၊ မြန်မာစာပါမောက္ခ–ငြိမ်း)၏မောင်၊ လိပ်ဆံခွန်ရွာနေ ဒေါ်ချစ်တင်၏မောင်၊ တိုက်(၁၄)၊ အခန်း (B) ဦးဝိစာရရိပ်သာနေ ဦးမြင့်ဟန်–ဒေါ်စမ်းစမ်းညွန့်၊ ဦးသန်းစည်၊ ဒေါ်နုနုအေးတို့၏အစ်ကို၊ ဦးကိုကိုသန့်–ဒေါ်ခိုင်ခိုင်ညွန့်၊ ဒေါ်မြိုင်မြိုင်ညွန့်၊ (ဦးကောင်းမြတ်ညွန့်)တို့၏ ချစ်လှစွာသော မွေးသဖခင်ဦးကောင်းညွန့်သည် ၂၉–၄–၂၀၀၄(ကြာသပတေးနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁–၅–၂၀၀၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ ကြောင်း၊ ရပ်ဝေးရပ်နီးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ် မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးကောင်းညွန့် (၆၉)နှစ်
B.Sc(Hons),M.Sc
အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ပါမောက္ခချုပ်(ငြိမ်း)ဒဂုံတက္ကသိုလ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးကောင်းညွန့် သည် ၂၉–၄–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

ဦးခင်မောင်ကြူ(၈၃)နှစ်
ကုန်သွယ်/လယ်ယာ(ငြိမ်း)
လူထုပညာရေးဆဋ္ဌမပတ်
(ပြည်မြို့)

ရန်ကုန်မြို့နေ (ဦးငွေ–ဒေါ်စိုးတင်) တို့၏သားကြီး၊ (ဦးမြင့်ကြိုင်)–ဒေါ်ခင်တင့်တို့၏ သားသမက်၊ ဦးလေးမောင် (လဝက–ငြိမ်း)၏အစ်ကိုကြီး၊ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အမှတ်(၂၇)၊ဇလွန်လမ်းနေ ဒေါ်မြင့်မြင့်၏ ခင်ပွန်း၊ ဦးသန်းစိုင်–ဒေါ်သိန်းသိန်းဖုံ၊ ကိုလှမြင့်အောင် (ဖောင်ကြီး–အထက) – မဝင်းဝင်းမာ၊ ဗိုလ်ကြီးမြင့်အောင်–မဆွေဆွေမာ၊ မပြုံးပြုံးမာ၊ကိုဝင်းကိုကို၊ ကိုမြင့်သန်း–မနီနီခင်၊ ကိုတင်ကိုကို၊ ကိုမျိုးမြင့်လွင်၊ ကိုကျော်ဝင်းထွန်း–မလှလှမိုး၊ (ကိုဝေလင်းထူး)၊ မသက်သက်(City Mart)၊ မနန်းခင်ခင်ကြူ(ပူးစူး)တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၄ယောက်၊မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည်၂၈–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀–၄–၂၀၀၄(သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးသံချောင်း (၇၅)နှစ်
(တောသားလေး ဒန်အိုးစက်ပိုင်ရှင်)

(ဦးသာဒင်–ဒေါ်အေးချယ်)တို့၏ သားကြီး၊ (ဦးဖိုးဦး–ဒေါ်ဇီး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်နေ ဒေါ်အုန်းရင်၏ ခင်ပွန်း၊ ဗိုလ်မှူးမင်းဟန်(ငြိမ်း၊ နယ်စပ်စည်ပင်ဝန်ကြီးဌာန)–ဒေါ်သန်းသန်းဌေး၊ ဦးနိုင်စိုး–ဒေါ်ယဉ်ယဉ်ဌေး၊ ဦးလှဌေး–ဒေါ်အေးမိငယ်တို့၏ မွေးသဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုး ဦးသံချောင်းသည် ၂၈–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၃၀–၄–၂၀၀၄ (သောကြာနေ့) ညနေ ၄နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးကိုကိုလေး (၅၉)နှစ်
(စိန်ရွှေရှင်–ဓမ္မသာကစ္ဆာ)
ရန်ကင်းမြို့နယ် ဓမ္မသာကစ္ဆာ–အတွင်းရေးမှူး

ရန်ကုန်မြို့၊ တိုက်အမှတ်(၂၁၆)၊ အခန်း(၃၂)၊ ရန်ကင်း(၁၂)လုံးတန်း၊ (၃)ရပ်ကွက်နေ (ဦးရွှေနီ–ဒေါ်စိန်စိန်) တို့၏သား၊ သာယာဝတီမြို့၊ ကွက်သစ်(၁)လမ်းနေ (ဦးဟန်တိန်၊ B.O.C)–ဒေါ်ခင်မေတို့၏သားသမက်၊ ဒေါ်အေးအေးသန်း(အေးသီတာစားသောက်ဆိုင်)၊ ဦးတင်အောင်–ဒေါ်ကြူကြူ၊ ဦးမင်းအောင်–ဒေါ်မြင့်မြင့်၊ ဦးဉာဏ်ဝင်းဟန်–ဒေါ်သဇင်မြင့်၊ ဦးတင်စိုး–ဒေါ်ယဉ်ယဉ်မြင့်၊ ဦးအေးနိုင်–ဒေါ်မြင့်မြင့်ရီတို့၏ အစ်ကိုကြီး၊ ဒေါ်အေးအေးလှိုင်(S/N၊ ဗဟိုအမျိုးသမီးဆေးရုံကြီး)၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၆–၄–၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀–၄–၂၀၀၄ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ။

ဦးအေးချို (၈၁)နှစ်
ဒု–လက်ထောက်ညွှန်ကြားရေးမှူး
(စစစ–ငြိမ်း)
(တောင်တွင်းကြီး)

ရန်ကုန်မြို့၊ အမှတ်(၂၀)၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးဘဆင်–ဒေါ်ခင်ရှု)တို့၏သားကြီး၊ (ဦးဖိုးဖေ–ဒေါ်ချစ်မေ)တို့၏ သားသမက်၊ ဦးဝမ်းဖေ–ဒေါ်ခင်အိ၊ (ဦးဖေသန်း)–ဒေါ်တင်မြတို့၏ အစ်ကိုကြီး၊ မန္တလေးမြို့၊ စိတ္တရမဟီရပ်၊ ပြည်တော်သာတိုက်၊ အမှတ်(၂၃)၊ အခန်း(၂)နေ ဒေါ်မြင့်ကြိုင်၏ခင်ပွန်း၊ဒေါ်စမ်းစမ်းမူ(တိုင်း သ/မ)၊ ဦးသိန်းထူး(မန်း၊စည်ပင်)–ဒေါ်ရီရီသန့်၊ ဦးဝင်းထူး(နယ်လှည့်စာရင်းစစ်အရာရှိ၊ မိတ္ထီလာ)– ဒေါ်မြင့်ခင်ဦး (တပ်စာရင်းကိုင်)၊ ဦးတင်ထူးအောင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၉–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁–၅–၂၀၀၄ (စနေနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောအောင်မင်း(ခ)ဦးမဲဂေါ်
အသက်(၆၁)နှစ်
(အငြိမ်းစား–ကုန်သွယ်/ပုံနှိပ်)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် (၄၁၆)နေ (ဦးစောဘိုးကျော်–နော်ပလယ်)တို့၏ သားငယ်၊ (ဦးသောကြာ)–နော်မဒိုတို့၏ သားသမက်၊ (နော်လားဖော)၏ ခင်ပွန်း၊ နော်လေးဒီယာကျော်–ဦးစောထူးစော၊စောရှော့ဒ်နီကျော်–နော်မာဂရက်တို့၏ညီ/မောင်၊ နော်ရှဲရယ်မင်း–စောဝဏ္ဏ၊နော်နီရင်း မင်း၊ စောထောမီမင်း၊ နော်ထဲရီမင်း၊ စောမင်းကျော်ထက်တို့၏ဖခင်၊ နော်လယ်ဝါးဖော၏ အဘိုးသည် ၂၉–၄–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁–၅–၂၀၀၄(စနေနေ့) နံနက်၁၀နာရီတွင် ဘင်တန်ဘုရားရှိခိုးကျောင်း(အထက–၁၊အလုံဝင်း)၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သချိုင်းသို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးကျော်မင်းလွင်(ခ)
Churchill
အသက်(၅၉)နှစ်
(ကလော)
ဦးစီးအရာရှိ၊
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ လှိုင်လင်

ကလောမြို့နေ (ဦးစောထွန်းလှ–ဒေါ်မင်းရှင်)တို့၏ သားကြီး၊ (ဦးတိုးခင်–ဒေါ်စေးဖော)တို့၏သားသမက်၊ ကလောမြို့၊ အိမ်အမှတ်(၁/၁၀၀)၊ ယုဇနလမ်းနေ ဒေါ်ချယ်ရတီ၏ ခင်ပွန်း၊ ဦးထွန်းကျော်လာ–ဒေါ်ရို့(စ်)ဘတ်၊ ဦးစောဂဟာ၊ ဦးစောဝင်းဂိတ်–နော်ခလဲရယ်ဘဲ၊ ဦးစောနီဝယ်–နော်သဇင်မွန်း၊ နောင်စေးဘွယ်ဖောတို့၏ အစ်ကို၊ ကိုအောင်နိုင်ဦး–နော်ခရီမိုးနာ၊ နော်ကယ်ရီလိုင်းနား၊ စောလှိုင်ထွဋ်အောင်၊ စောသူရိန်ဝင်းတို့၏ ခင်၊ စောဖိုးခွား၏ အဘိုးသည် ၂၉–၄–၂၀၀၄ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၃၀–၄–၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ကလောမြို့ ကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ကလော ကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်တင့်(၈၇)နှစ်
(အင်းစိန်မြူနီစီပယ်ဥက္ကဋ္ဌဟောင်း)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့၊ ဈေးခေါင်းကြီး (ဦးဘိုးစိုး–ဒေါ်ငြိမ်းအေး)တို့၏ သား၊ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်း၊ မေတ္တာမွန်လမ်းသွယ်၊ အမှတ်(၁)နေ ဒေါ်ကြည်စိန်(အစာ)၏ခင်ပွန်း၊ (ဦးတင့်စိန်ဦး)၊ ဦးတင့်စိန်ထူး–ဒေါ်တင်တင်၊ ဦးတင့်စိန်ဖူး–ဒေါ်မိမိဟန်၊ (ဦးခင်မောင်ညွန့်)–ဒေါ်ဥမ္မာခင်၊ ဦးလှထွန်း–ဒေါ်သီတာခင်၊ ဦးသန့်ဇင်ဦး–ဒေါ်အေးအေး၊ ဦးစိုးသိန်း–ဒေါ်နီလာခင်တို့၏ မွေးသဖခင်၊ မြေး ၁၁ယောက်တို့၏ အဘိုးသည် ၂၉–၄–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁–၅–၂၀၀၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ခင်စိန် (၆၈)နှစ်
အထက်တန်းပြ(ငြိမ်း)
အထက(၁)ပန်းဘဲတန်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဦးရွှေဂွန်းလမ်း၊ အမှတ်(၄၃)နေ (ဦးစိန်ဟုတ်–ဒေါ်သိန်းတင်)တို့၏ သမီး၊ (ဦးမောင်စိန်–ဒေါ်ရှုတီ)တို့၏ ချွေးမ၊ (ဦးဝင်းမြင့်)–ဒေါ်ခင်သန်းဝင်း၏ ညီမ၊ ဦးကြည်ဝမ်–ဒေါ်အေးအေး၊ ဦးဝင်းစိန် (စက်ရုံမှူး၊ ဇောင်းတူရေအားလျှပ်စစ် EPC)–ဒေါ်ယုရှီး၊ Dr. ဝင်းမြင့်တို့၏ အစ်မ၊ ဦးမောင်မောင်[အင်ဂျင်နီယာချုပ် (လမ်း) အထက်မြန်မာပြည်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]၏ဇနီး၊ Dr. အောင်ဇော်မိုး(ငါးသိုင်းချောင်းတိုက်နယ်ဆေးရုံ)–ဒေါ်စန္ဒာမောင်မောင် (B.Sc. Hons;Chem)၊ ကိုမင်းသူ B.A Geography U.D.E တို့၏ မိခင်၊ မရည်မွန်အောင်၏ အဘွားသည် ၂၉–၄–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်ပါ၍ ၁–၅–၂၀၀၄ ရက် နံနက် ၈း၃၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးစိုး (၆၈)နှစ်
(သပြုကျေးရွာ)

ကဝမြို့နယ်၊သပြုရွာနေ(ဦးထွန်းမြင့်–ဒေါ်အုန်းရှင်)တို့၏ သား၊ (ဦးဘလှ–ဒေါ်ကျေး)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုံသာတိုက်ကျောင်း ဆရာတော် ဦးဝါယမ၏ ညီ၊ ရဟန်းဒါယကာကြီး၊ သပြုရွာနေ ဒေါ်ဆွဲမိ၏ခင်ပွန်း၊ ဦးတင့်လွင်–ဒေါ်နုနုအေး၊ ဒေါ်ဥမ္မာလွင်၊ ဦးဌေးအောင်၊ ဦးမောင်ဟန်မြင့်–ဒေါ်စန္ဒာလွင်တို့၏ ဖခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၉–၄–၂၀၀၄ရက်တွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁–၅–၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရွှေဘုန်းပွင့်ဘုရား၊ ရွှေဘုံသာတိုက်ကျောင်းမှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းအမ
ဒေါ်ခင်နုနုစိန် (၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၆၅)လမ်း၊ အမှတ်(၂၀)နေ (ဦးစိန်ကြည်–ဒေါ်မမခင်ကြည်)တို့၏သမီးကြီး၊ ဦးမောင်မောင်ပြုံး–(ဒေါ်ရင်ရင်စိန်)၊(ဦးစိန်ကိုကိုကြီး)–ဒေါ်လှကြည်၊(ဦးစိန်ကိုကိုလေး)–ဒေါ်ဌေးရီ၊ဦးမျိုးအောင်–ဒေါ်ခင်မြင့်မြင့်စိန်တို့၏ အစ်မကြီး၊ (ဦးရှိန်)၏ ဇနီး၊ တူ၊တူမ၂၃ယောက် တို့၏ ကြီးဒေါ်သည် ၂၉–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁–၅–၂၀၀၄ရက် နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးရဲထွဋ်အောင် (၄၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၅၀)ရပ်ကွက်၊ နေကြာ(၁)လမ်း၊ အမှတ် (၄၀၂)နေ ဦးလှထွန်းအောင် (လ/ထအထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း) – (ဒေါ်စန်းစန်းမြင့်)တို့၏ သားကြီး၊ ဒေါက်တာမျိုးနိုင်–ဒေါက်တာ ဥမ္မာထွန်းတို့၏ မောင်၊မောင်သန်းထွဋ်အောင်၊မောင်ဝင်းသိန်း(East Wind)–မသီတာထွန်းတို့၏ အစ်ကို၊ မောင်ဝင်း ကျော်ဖြိုး၊ စုမ၊ မမေသဇင်ခိုင်၊ မချစ်စိမ့်စမ်းတို့၏ ဦးလေးသည်၂၇–၄–၂၀၀၄ရက် ည ၇နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၉–၄–၂၀၀၄ ရက် မွန်းတည့်၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဝင်းသောင်း
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အမှတ်(၁၂)၊ သုခိတာလမ်း၊ (၁၅)ရပ်ကွက်နေ ဦးကျွန်းထိပ်–ဒေါ်ဒေါ်သစ်တို့၏ သား၊ ဒေါ်အေးစိန်၏ ခင်ပွန်း၊ ဦးမြသိန်း–ဒေါ်အေးမိ၊ ဦးမောင်မောင်မြင့်–ဒေါ်နီနီလေး၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးမောင်မောင်လေး–ဒေါ်ခင်ခင်ဝင်း၊ ဦးအေးသောင်းတို့၏ ဖခင် ဦးဝင်းသောင်း သည် ၂၈–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂–၅–၂၀၀၄ ရက် မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး၊ နတ်လမ်း၊ အုတ်တံတိုင်းနှင့် ရဟန်းဒါယိကာမကြီး
ဒေါ်တင်ညွန့်(၈၁)နှစ်
(ပုဂံတောင်ရွာ)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၂၄၄၊ မာန်ပြေ(၆)လမ်းနေ (ဦးပု–ဒေါ်စောခင်)တို့၏သမီး၊ ဦးသိန်းဟန်(လယ်/သစ် ဒုတိယဝန်ကြီး၊ ငြိမ်း)၏ဇနီး၊ ဦးငွေထွန်း–ဒေါ်တင်ရီ၊ ဦးစိုးနိုင်–ဒေါ်ယဉ်ကြည်၊ ဦးစိုးခိုင်–ဒေါ်တင်တင်ဦး၊ ဦးလှထွန်း–ဒေါ်မြင့်မြင့်ကြည်၊ (ဒေါ်ကြည်ကြည်သိန်း)၊ ဦးမျိုးအောင်–ဒေါ်ခင်ဆွေမြင့်၊ ဒုတိယဗိုလ်မှူးကြီးသန့်ဇော်–ဒေါ်စောသူဇာငြိမ်းတို့၏ ချစ်လှစွာသောမိခင်၊ မြေး၁၁ယောက်တို့၏အဘွား၊ မြစ်တစ်ယောက်၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၉–၄–၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃–၅–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ကြွေ (၈၁)နှစ်
(ဟင်္သာတ)

ဟင်္သာတမြို့၊ ရန်ကင်းရပ်ကွက်၊ အမှတ် (၈၇)၊ ပြည်တော်သာလမ်းနှင့် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ တိုက် ၂၁၊ အခန်း ၀၀၃၊ အေးရိပ်မွန်အိမ်ရာနေ ဦးသန်းမောင်၏ ဇနီး၊ ဦးတင်အောင်လေး–(ဒေါ်အမာကြည်)၊ ဦးစစ်လျှံ–ဒေါ်ရင်မေ (ဟင်္သာတ)၊ ဒေါ်ခင်မမသန်း၊ ဦးသက်နိုင်–ဒေါ်မေကြူသန်း၊ ဦးခင်မောင်ဝင်း–ဒေါ်တင်တင်ဦး(မြန်အောင်)တို့၏ မွေးသမိခင်၊ မောင်အောင်ရဲမင်း၊ မအိအိရဲထွဋ်ခင်တို့၏ အဘွားသည် ၂၉–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁–၅–၂၀၀၄ရက်မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ချန်ကုတ်ကြွမ်(ခ)ဦးဝင်းမောင်
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ တပ်မြေဆပ်သွားဖူးလမ်း၊ အမှတ်(၃)နေ (ဦးစု–ဒေါ်ကျင်မြိုင်)တို့၏ သားကြီး၊ ဒေါ်ထန်မာ၏မောင်၊ (ဒေါ်ရီ)၊ ဒေါ်ရင်မေ၊ ဦးမျိုးလှ(ခ)ဦးသံချောင်း–ဒေါ်ဝင်းဝင်းတို့၏ အစ်ကို၊ ဒေါ်ကျင်နု၏ ခင်ပွန်း၊ မောင်မြင့်အေး(B.Sc) Phy (H)၊ မနုနုဝင်း(B.Sc) Phy (Q)(Natray Co., Ltd)၊ မောင်နေထွန်း (B.Sc) Maths (Santoku)၊ မသန်းသန်းဝင်း (Final Year၊ စီးပွားရေး)တို့၏ ဖခင်သည် ၂၉–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁–၅–၂၀၀၄(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်ကြည်(၆၈)နှစ်
(မအူပင်)

(ဦးသိန်းမောင် – ဒေါ်ဒါရီ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၂၂)နေ ဒေါ်ချစ်ချစ်(ဦးခင်မောင်)–ဒေါ်လှမြင့်တို့၏ ညီမ၊ ဒေါ်ညွန့်ရီ၊ (ဦးတင်မောင်)–ဒေါ်ခင်မြ၊ ဦးခင်အောင်–ဒေါ်မြမြတို့၏ အစ်မ၊ ဦးလှဦး–ဒေါ်ထားထား၊ ဦးသက်ဦး–ဒေါ်မွှေးမွှေး၊ ဒေါ်သန်းသန်းထွေး (မရမ်းကုန်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း)၊ ကိုကျော်ကျော်မောင်–မမြင့်မြင့်ချင်းတို့၏ အဒေါ်၊ တူ၊ တူမ ၁၂ ယောက်တို့၏ အဒေါ်သည် ၂၈–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃၀–၄–၂၀၀၄(သောကြာနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ကျော်ဖေသိန်း(ခ)
ကျော်ကျော် (၃၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၃၇၇)နေ (ဦးဖေသိန်း–ဒေါ်ယဉ်ယဉ်ကြည်) တို့၏ သားထွေး၊ ဦးအောင်အောင်ဖေသိန်း–ဒေါ်စမ်းစမ်းဝင်းတို့၏ ညီ၊ မောင်ရဲရင့်အောင်၊ မောင်စည်သူအောင်၊ မောင်နိုင်ရဲအောင်တို့၏ ဦးလေး၊ မခိုင်ဟေမာန်ဦး၏ မွေးစားဖခင်သည် ၂၉–၄–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၁–၅–၂၀၀၄ (စနေနေ့)မွန်းလွဲ၁နာရီတွင် ရန်ကုန် ဆေးရုံကြီး အအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ် မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလီသခွန်ယူ(၈၉)နှစ်
(Lee Hang Yu)
အလုံ

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်၅၈(ဘီ/၂)နေ ဒေါ်ချင်ထွေးကြည်၏ခင်ပွန်း၊ မလီဒုတ်လင်၊ ကိုလီမတ်ဟိန်–မမြင့်မြင့်ရီ၊ ကိုလီဖတ်ချွန်၊ မလီလင်လင်(ခ)မလိန်းလိန်း (လိန်းလိန်းလှရိပ်မြုံ)၊မလွေလင်(ခ)မလီလီလင်းတို့၏ ဖခင်၊ မလိုရီလီ(Lori Lee)၊ မောင်ဝီလျံလီ (William Lee)တို့၏ အဘိုးသည် ၂၈–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်ပါ၍ ၂–၅–၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၉နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လီလီ (၄၆)နှစ်

မြစ်ကြီးနားမြို့၊ မင်းရပ်နေ (ဦးရန်မြင့်ကျိန်–ဒေါ်ကျန်ရင့်ကျောင့်)တို့၏ သမီး၊ ဦးရှင်ကွေ့–ဒေါ်ခင်သိန်း၊ ဦးစိုင်မြင့်–ဒေါ်ယုယုလွင်၊ ဦးစိုးဝင်း–ဒေါ်ယုယုမာတို့၏ ညီမ၊ ဦးအဝမ်–ဒေါ်ယုယုခိုင်၊ ဦးအောင်ဝင်း–ဒေါ်ကြူကြူမြင့်၊ ဦးထွန်းဝင်း–ဒေါ်သန္တာမြင့်တို့၏ အစ်မ၊ (ဦးမောင်ဝ)၏ ဇနီး၊ မောင်စိန်စိန်၊ မောင်ရှင်ရှင်တို့၏ မိခင်သည် ၂၈–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀–၄–၂၀၀၄ရက်တွင် မန္တလေးမြို့တောင်မြင့်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးစန်းမောင်
အသက်(၄၅)နှစ်

မြင်းခြံမြို့၊ မြို့သစ်ရပ်ကွက်နေ (ဦးသာဆိုင်) – ဒေါ်တင်အောင်တို့၏ သားကြီး၊ မန်းရေနံမြေနေ ဦးတိုးလွင်–ဒေါ်သင်းသင်း၊ မြင်းခြံမြို့နေ ဒေါ်သင်းသင်းကြည်၏ အစ်ကို၊ ကိုအောင်ဆန်းဝင်း–မညွန့်ကြည်တို့၏မောင်၊ မြင်းခြံမြို့၊ (၁)ရပ်ကွက်နေ (ဦးကျော်သောင်း)–ဒေါ်သန်းရီတို့၏ သားသမက်၊ မြင်းခြံမြို့၊ ရွာစည်ရွာနေ ဦးကံညွန့်၊ ဦးကံမြင့်၊ ဒေါ်ခင်သန်း၊ ဒေါ်ခင်စန်းတို့၏ တူ၊ မိတ္ထီလာမြို့နေ ဒေါ်ပြုံးပြုံး၏ခင်ပွန်း၊ မောင်ရဲလင်းထွန်း၊ မသိမ့်သိမ့်ထွန်း၊ မမေအင်ကြင်ထွန်းတို့၏ ဖခင်၊ ဒုတိယဗိုလ်မှူးကြီးစန်းမောင်သည် မိတ္ထီလာမြို့၌ ၂၆–၄–၂၀၀၄ရက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၈–၄–၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် မိတ္ထီလာမြို့ စစ်သချိုင်း၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအားအကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ကိုမျိုးနိုင် (၃၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၄)လမ်း၊ အမှတ် (၄၉၁)နေ (ဦးသိန်းမောင်)–ဒေါ်တင်တင်တို့၏သား၊ ကိုဝင်းလှိုင်–မလှလှရီ၊ ကိုငွေဇော်နွယ်–မတင်တင်မိုးတို့၏ မောင်၊ ကိုမိုးဦး–မနှင်းယုမော်၊ ကိုမျိုးအောင်–မခင်သီတာသိန်း၊ ကိုကျော်မင်းမောင်မောင်–မမင်းမာလာသိန်း တို့၏ အစ်ကို၊ မသူဇာ၏ခင်ပွန်း၊ မောင်ဆက်နိုင်၊ မခင်မျိုးမြတ်၊ မောင်သက်ပိုင်မှူးတို့၏ ဖခင်သည် ၂၈–၄–၂၀၀၄ရက်တွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀–၄–၂၀၀၄ (သောကြာနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်–ဒေါ်စန်းစန်းတို့၏ ညီ/မောင် ဦးမျိုးညွန့် အသက်(၅၆)နှစ်သည် ၂၃–၄–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲ ခံစားမိပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး၊ ဝန်ထမ်းမိသားစုများ
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်မင်းလွင်(ဦးချာချီ)
ဦးစီးအရာရှိ၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန(တောင်ကြီး)

ဦးကျော်မင်းလွင်(ဦးချာချီ)သည် ၂၉–၄–၂၀၀၄ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန။

လေးနှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
မြို့မဆင်ဖြူတော်၏ ကျေးဇူးရှင်ဖခင်ကြီး
ဦးအောင်ကျော်

မိသားစုအပေါ် မေတ္တာတရားကြီးမားလှစွာသော ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့် ခွဲခွာသွားသည်မှာ ၂၉–၄–၂၀၀၄ရက်တွင် လေးနှစ်တင်းတင်းပြည့်ပြီဖြစ်သော်လည်း နမြောတသမဆုံးပါ။ ဖခင်ကြီးအားရည်စူး၍ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုကို အေးချမ်း မြင့်မြတ်သော ဘုံဘဝမှသာဓု ခေါ်ဆိုနိုင်ပါစေ။

ဇနီးဒေါ်တင်မြနှင့်သားသမီး၊
မြေးမြစ်တစ်စု။

ရဟန်းအမကြီး
ဒေါ်ခင်သန်း(၇၃)နှစ်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း၊ လေဆိပ်လမ်း၊ အမှတ်(၁၉၇)နေ(ဦးအောင်ညွန့်–ဒေါ်နှင်းမြ)တို့၏ သမီးကြီး၊ (ဦးချန်ထွန်း–ဒေါ်အေးမြင့်)တို့၏သမီးချွေးမ၊ [ဦးမောင်မောင်ချစ်(စားဖျော်–ငြိမ်း)]၏ ဇနီး၊ ဒေါက်တာမောင်မောင်တိုး–ဒေါ်ခင်ဖြူဝင်း၊ ဒေါ်နုနုချစ်၊ ဦးမင်းမော်–ဒေါ်မြင့်မြင့်သိန်း၊ ဦးမျိုးထွန်း–ဒေါ်မာလာချစ်၊ နေမျိုးအောင်–သီရိချစ်တို့၏ မွေးသမိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၈–၄–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀–၄–၂၀၀၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်နွဲ့ဝင်း (၆၄)နှစ်
ကုန်သွယ်ရေး(ငြိမ်း)
(ပုသိမ်)

ပုသိမ်မြို့၊ အမှတ်(၃၆)၊ ရွှေစည်းခုံဘုရားလမ်းနေ(ဦးဟုတ်ချွန်–ဒေါ်လှကြည်)တို့၏သမီးကြီး၊ ဒုတိယဗိုလ်မှူးကြီးစိုးဌေး(ရေ–ငြိမ်း)–ဒေါ်သန်းဝင်း (ဦးစီးအရာရှိ–ငြိမ်း၊ နယ်စပ်ကုန်သွယ်ရေး)၊ (ဦးသန်းထွဋ်)–ဒေါ်ပွင့်ကြည်၊ ဦးလှသွင်–ဒေါ်စန်းဝင်း၊ ဦးနိုင်ဝင်း–ဒေါ်ခင်သန်းနွယ်တို့၏ အစ်မကြီး၊ ကိုကျော်ကျော်မောင်၊ ကိုကျော်မိုးသွင်–မသိန်းမေ၊ ကိုကျော်လွင်မောင်–မမော်မော်၊ ကိုကျော်စိုး၊ မခင်သူဇာ၊ ကိုဝေဖြိုးဦး–မခင်ရူပါ၊ ကိုကျော်သူမောင်–မစမ်းစမ်းမိုး၊ ကိုကျော်ကျော်သောင်း – မသော်သော်လင်း၊ ကိုနေလင်းထွန်း–မခင်သန္တာ၊မောင်ကျော်လင်းမောင်၊ မောင်ပြေစိုးမင်း၊ မောင်ပြေစိုးငြိမ်း၊ မရတနာဝင်းတို့ အဒေါ်၊ မြေး ၁၂ ယောက်တို့၏ အဘွားသည် ၂၈–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃၀–၄–၂၀၀၄(သောကြာနေ့) မွန်းလွဲ၂နာရီတွင် အထက်ပါနေအိမ်မှ သစ်ညိုကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မခင်မာမြင့်(၃၉)နှစ်
(စစ်ကိုင်းမြို့၊စာရေးအရှေ့ရွာ)

ချောင်းဦးမြို့၊ မြို့သစ်ရပ်ကွက်နေ ဦးကျော်သောင်း–ဒေါ်ဗိုလ်မတို့၏ သမီးချွေးမ၊ စစ်ကိုင်းမြို့နယ်၊ စာရေးအရှေ့ရွာနေ (ဦးစိန်–ဒေါ်အုံးကြည်)တို့၏ သမီး၊ အမှတ်(၅၆၉)၊ သခင်ဖိုးလှကြီးလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဦးဝမ်းတူး (အငယ်တန်းအင်ဂျင်နီယာ–၂၊လမ်းနှင့်တံတားအင်ဂျင်နီယာဌာန၊ရန်ကုန်မြို့တော်စည်ပင်)၏ ဇနီး၊ မသင်းသင်းထက်၊ မောင်ဗိုလ်မင်းထက်တို့၏ မိခင်၊ ဦးဗိုလ်ဌေး (ဌာနမှူး၊လမ်းနှင့်တံတား၊ အင်ဂျင်နီယာ ဌာန၊ ရန်ကုန်မြို့တော်စည်ပင်) – ဒေါ်စန်းစန်းအေး၊ မသန်းဦးတို့၏ တူမ၊ ကိုမျိုးမြင့်–မခင်လှိုင်၊ ကိုကျော်စိုး–မတင်မြင့်တို့၏ ညီမ၊ ကိုစိုးသန်း–မတင်တင်စန်း၊ ကိုစိုးဝင်း–မနှင်းနှင်းအောင်၊ ကိုသိန်းစိုး–မညွန့်နွယ်၊ ကိုဝင်းနိုင်–မခင်စန်းမြင့်၊ ကိုစိုးတင့်ဝေ–မဌေးတင့်တို့၏ အစ်မသည် ၂၈–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀–၄–၂၀၀၄ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
Pi Pum Zi
(ခ) ဒေါ်ရီ (၆၁)နှစ်

Than Tlang မြို့နယ်၊ Sih Caang ကျေးရွာနေ (Pu Dar Kio-Pi Man Hluan)တို့၏ သမီးထွေး၊ (Pu Buan Hre-Pi Fam Zing)၊ (Pi Tjal Cin -Pu Bual Uk)၊ Pi Hniar Vang-(Pu Thang Nawn)နှင့် (Pi Ngun Ki)တို့၏ ချစ်ညီမ၊ (Pu Than Hre)၏ ချစ်လှစွာသောဇနီး၊ Pa Thang Ceu(ခ) ကိုစိန်ဝင်း၊ Nu Ngun Lang(ခ) မိုင်ငွန်ငွန်း–Pa Thang Hmun(တကက–ငြိမ်း)၊ Pa Cung Hu(ခ)ကိုလှဝင်း၊ Nu Sui Tial-Capt.Thawng Lin၊ မိုင်မင်းမင်း (Babylor)၊ မိုင်ရွှေရွှေ–ဇင်မင်းထွဋ် (MV Pontos Greec)၊(မောင်သန်းစိုး)တို့၏ မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၂၇–၄–၂၀၀၄ရက် ည ၁၁း၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁–၅–၂၀၀၄(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ဝတ်ပြု၍ဂူသွင်းသဂြိုဟ်ပါမည်။မ/ဒဂုံ (၄၆)လမ်းဆုံ၊ မန္တလေးမှတ်တိုင်၊ အင်းစိန် (BOC မှတ်တိုင်၊ MIT ကျောင်းရှေ့)၊ ကန်တော်ကလေး၊ မန္တလေးလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းဆုံ)များမှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မေရီရှိန် (၅၁)နှစ်
ကျောက်တန်း

ပဲခူးမြို့၊ ကျောက်တန်းကျေးရွာနေ (ဦးစံရှိန်–ဒေါ်တိုးရီ)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ဦးအုံးရှိန်–ဒေါ်အုန်းကြည်တို့၏သမီးချွေးမ၊ ဦးသန်းလှိုင်၏ ချစ်လှစွာသောဇနီး၊ မောင်သူရစိုး၊ မအေးငြိမ်းသူတို့၏ မွေးသမိခင်သည် ၂၉–၄–၂၀၀၄ရက်တွင် SSCဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁–၅–၂၀၀၄ (စနေနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ် ၁၀၉၉၊ ထူပါရုံ ၃လမ်း၊ အနောက်(၁)ရပ်ကွက် သာကေတနေအိမ်မှ ကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိန်တိုး(၄၄)နှစ်
(အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၂၀)နေ (ဦးဖေသန်း–ဒေါ်ရင်မေ)တို့၏ သား၊ (ဒေါ်တုတ်တုတ်)–ဦးသန်းဦး (အထူးစုံစမ်း စစ်ဆေးရေး(ငြိမ်း)၊ ဦးအေးဖေ–ဒေါ်လင်းမေ၊ ဒေါ်စိန်မြင့်– (ဦးမောင်လှ)တို့၏တူ၊ (ဒေါ်ခင်ဝင်း)–ဦးလှမြင့်၊ (ဒေါ်ခင်နှင်းရွှေ)၊ (ဒေါ်ခင်ဦးမေ–ဦးမျိုးဆွေ)၊ဒေါ်ရီရီမေ–ဦးမောင်မောင်၊ (ဦးမျိုးသန့်)၊ ဒေါ်ခင်မျိုးချစ်တို့၏ ညီ/မောင်၊ ဦးသန်းတိုး–ဒေါ်စန်းစန်းယုတို့၏အစ်ကို၊ တူ၊တူမကိုးယောက်တို့၏ ဦးလေး၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂၈–၄–၂၀၀၄ရက်တွင်ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၃၀–၄–၂၀၀၄ (သောကြာနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာ–ကြေးမုံ၊စာတည်းမှူး၂၉၁၈၁၂၊စာတည်းများ၂၉၂၈၁၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနား–ဗန်းမော်လမ်းပိုင်းရှိ လမ်းတံတားများစစ်ဆေး
မိုးကောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှု

ရန်ကုန် ဧပြီ ၂၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၆ ရက် နံနက် ၈နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည်။

ရှေးဦးစွာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေက ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်မြို့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်ဆည်းပေးရန်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ☆



ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဗိုင်းမော်(မြို့သစ်) လမ်းပိုင်းရှိ လမ်းနှင့် တံတားများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ပုသိမ်တံတားတည်ဆောက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့်အတူ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၈ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ရန်ကုန်–ပုသိမ်လမ်း တိုးတက်ကောင်းမွန်ရေး ပြုပြင်ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ❍

ပဲခူးရိုးမသည် ကမ္ဘာပေါ်တွင် အဖိုးတန်ကျွန်းနှင့်သစ်မာများထွက်ရှိ
ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၉

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ၂၀၀၄ ခုနှစ် မေလမှစ၍ ငါးနှစ်စီမံချက်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် သစ်တောရေးရာဝန်ကြီးဌာန၏ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မှော်ဘီမြို့ရှိ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန၌ ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

အဆိုပါ အစည်းအဝေးတွင် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းစီမံချက်ကို ၂၀၀၄–၂၀၀၅ ခုနှစ်မှ ၂၀၀၈–၂၀၀၉ ခုနှစ်အထိ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစဉ်များဖြစ်သည့် သဘာဝတောများ ထိန်းသိမ်းခြင်း၊ သဘာဝတော တန်ဖိုးမြှင့် စိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် စိုက်ခင်းဟောင်းများထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် စံပြသစ်တောကျေးရွာများတည်ထောင်ခြင်း၊လူထုပူးပေါင်းပါဝင်လာစေမည့် တိုးချဲ့ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ထင်းအစားထိုးလောင်စာသုံးစွဲရေး လုပ်ငန်းဖော်ထုတ်ခြင်း၊ **စာမျက်နှာ ၁၂ ကော်လံ ၅ သို့** ✧

ဆဒ္ဒန်ရတနာ တံတားကြီး

ဧပြီ ၂၉ ရက်က နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ပူးပေါင်းတည်ဆောက် ဖွင့်လှစ်ခဲ့သည့် ပဲခူးတိုင်း ကဝမြို့နယ် နီဗွာန်ကျေးရွာရှိ ဆဒ္ဒန်ရတနာတံတားကြီးကို ဝေဟင်မှ တွေ့ရစဉ်။ (ဆဒ္ဒန်ရတနာတံတားကြီးမှာ အောက်ခြေကွန်ကရစ်လွန်တူးပိုင်၊ အပေါ်ထည်သံပေါင်အမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၂၀၀ နှင့် လူသွားလမ်းအကျယ် ၁၂ ပေရှိသည်။) **(သတင်း–ရှေ့ဖုံး)**

(သတင်းစဉ်)



မိုးရေချိန်စံချိန်သစ်တင်

ရန်ကုန် ဧပြီ ၂၉

၂၀၀၄ခုနှစ် ဧပြီ ၂၉ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၀၉:၃၀ နာရီအချိန်တွင် ဟသ်ာတမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၆၇မီလီမီတာ(၂.၃၁လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၃၇နှစ်အတွင်း ဧပြီလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန်စံချိန်သစ်ဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။